# မန္တလာပေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၄၈) ၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ ၁၇-၁၁-၂၀၂၄ ၊ တနင်္ဂနွေနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တန်ဆောင်တိုင်ပွဲတော်များသို့ ဘုရားဖူးလာပြည်သူများ၊ ပါဝင်ဆင်နွှဲသူများဖြင့် စည်ကားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် ယနေ့တွင်လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော် အတွင်း၌ LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိပြီး ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း ဘုရားဖူးလာပြည်သူများအနေဖြင့် ဖူးမြော်ကြည်ညိုလေ့လာကြသည်။

စာမျက်နှာ ၄ သို့ *



ပဲခူးမြို့ မြန်မာ့ရိုးရာ တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် MSME ဈေးရောင်းပွဲတော်တွင် ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

## အများအားဖြင့် သာယာမည်

**(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဧလ

၀-၀-၀-၀-၀

## ယနေ့ ဖတ်စရာအညွှန်း


**တန်ဆောင်မုန်းလရာသီနှင့် ခဝဲသီးဓာတ်စာ (ဆောင်းပါး)**

စာမျက်နှာ ၆

**ငယ်စဉ်က ခံစားရသော ပန်းနာရင်ကျပ်ရောဂါကြောင့် ဘဝတစ်လျှောက်လုံး မှတ်ဉာဏ်ထိခိုက်နိုင်ဖွယ်ရှိ**

စာမျက်နှာ ၇

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၁၇ ရက်၊ တနင်္ဂနွေနေ့။

## မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာများ ဆောင်ရွက်လျက်ရှိ

ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် မြူကင်းစင်သောကောင်းကင် (Clear Sky Strategy)မဟာဗျူဟာဆိုင်ရာ ပူးတွဲလုပ်ငန်းစီမံချက်ထုတ်ပြန်ကြေညာခြင်း အခမ်းအနားတွင် ထုတ်ပြန်ခဲ့သည့် ပူးတွဲလုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရာတွင် တောမီးလောင်ကျွမ်းမှုထိန်းချုပ်ရေးနှင့် မီးငြိမ်းသတ်ရေးစနစ်၊ စောင့်ကြည့်ရေးစနစ်၊ စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်စီမံခန့်ခွဲမှုစနစ်၊ ဥပဒေများပြဋ္ဌာန်းခြင်းနှင့် ညှိနှိုင်းပေါင်းစပ်ခြင်း၊ အကောင်အထည်ဖော်ခြင်း၊ လိုက်နာဆောင်ရွက်ခြင်းတို့ကို နိုင်ငံတကာဥပဒေများ၊ သက်ဆိုင်ရာ ပြည်တွင်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကိုလေးက နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအတွင်း Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မကြာမီကာလအတွင်း ပွင့်လင်းရာသီရောက်ရှိလာတော့မည်ဖြစ်သည့်အတွက် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တောမီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ စစ်ဆေးရေးနှင့် ပညာပေးရေးဆောင်ရွက်မှုများ၊ လဟာပြင်မီးမရှို့စေရေး ပညာပေးဟောပြောမှုများ၊ အိမ်သုံးနှင့် လယ်ယာသုံး စွန့်ပစ်ပစ္စည်းများအား မီးမရှို့စေရေး၊ စနစ်တကျစွန့်ပစ်နိုင်ရေး၊ အမှိုက်မီးရှို့စက်ဖြင့် စနစ်တကျမီးရှို့နိုင်ရေး ပညာပေးဆောင်ရွက်မှုများနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ပြုလုပ်ရန် လိုအပ်ပါကြောင်း၊ ဒေသအလိုက် Fire Hotspot စောင့်ကြည့်ခြင်းနှင့် လေထုအရည်အသွေး တိုင်းတာခြင်းများလည်း ပုံမှန်ပြုလုပ်၍ သက်ဆိုင်ရာဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းများပြုလုပ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူက မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာများကို ပြောကြားသည်။

မြန်မာ-ထိုင်း နယ်စပ်ဒေသတွင်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဌာနများအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းသား တောင်သူများစိုက်ပျိုးထားရှိသည့် မိုးဝါများကောက်ယူလျက်ရှိရာ အထွက်နှုန်းများ မနှစ်ကထက် ပိုမိုကောင်းမွန်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းသား တောင်သူများအနေဖြင့် မြို့နယ် (၁၃) မြို့နယ်တွင် မိုးဝါကို အသင်းပေါင်း (၆၅)သင်းမှ မိုးဝါစိုက်ဧက ၇၆၅၀ ကို ပြီးခဲ့သည့် ဇွန်လအတွင်းမှ စိုက်ပျိုးထားရှိရာ လက်ရှိအချိန်တွင် မြို့နယ်(၄) မြို့နယ်၌ မိုးဝါများကို စတင်ကောက်ယူလျက်ရှိရာ အထွက်နှုန်းများ မနှစ်ကထက် ပိုမိုကောင်းမွန်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ သိရသည်။

အဆိုပါ ဝါသီးနှံများ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ပြီး ပြည်တွင်းဝတ်ရေးဖူလုံမှုကို အထောက်အကူပြုစေရန်နှင့် ပိုလျှံသည့်ဝါများကို နိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ရည်ရွယ်ပြီး အထွက်နှုန်းကောင်း ဝါမျိုးကောင်းမျိုးသန့်များကို မျိုး၊ မြေ၊ ရေ၊ နည်းအစရှိသည့် စိုက်ပျိုးနည်းစနစ်များဖြင့် ကောင်းမွန်မှန်ကန်အောင် စိုက်ပျိုးခဲ့သည့်အတွက် မနှစ်ကထက် ဝါအထွက်နှုန်းများ ကောင်းမွန်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

"မိုးဝါကို မြို့နယ်လေးမြို့နယ်က အသင်း ၁၀ သင်းမှ အသင်းသား တောင်သူ ၄၆၂ ဦးရဲ့ စိုက်ဧက ၂၂၂၈ ဧက မိုးဝါတွေကို စတင်ကောက်ယူသိမ်းဆည်း နေပါပြီ။ ခုဆိုရင် သုံးကြိမ်၊ လေး ကြိမ် ရှိနေပါပြီ။ ပိဿာချိန် ၃၄၀၀၀၀ ကျော် ရရှိနေပါပြီ။ တစ်ဧကအထွက်နှုန်းအနေနဲ့ ၇၅၀ မှ ၈၀၀ ထိ ထွက်မယ်လို့ ခန့်မှန်းထားပါတယ်။ ယခင်နှစ်ကတော့ ၄၅၀ မှ ၅၀၀ ထိပဲထွက်ခဲ့ပါတယ်။ ယခုနှစ်မှာ အထွက်နှုန်းတွေ တိုးလာပါတယ်။ ဝါက အနည်းဆုံးကနေ ၇ ကြိမ်မှ ၉ ကြိမ်ထိ ကောက်ယူရပါတယ်။ ကျန်တဲ့မြို့နယ်တွေလည်း စတင်ကောက်ယူနေပါပြီ" ဟု ၎င်းက ရှင်းပြသည်။



နိုင်ငံအတွင်း နှစ်စဉ်တိုးတက်လျက်ရှိသော လူဦးရေနှင့် အရည်အသွေးကောင်း စက်မှုကုန်ကြမ်းသီးနှံများ ပြည့်ပသို့ တင်ပို့နိုင်ရေး၊ တောင်သူများ၏ ဝင်ငွေတိုးတက်ရေးအတွက် တစ်ဧက အထွက်နှုန်း တိုးတက်အောင် ဆောင်ရွက်ခြင်းနှင့် သီးထပ်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရေး၊ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ ပြောင်းလဲအသုံးပြုနိုင်ရေး၊ မျိုးကောင်း မျိုးသန့်ပြောင်းလဲ သုံးစွဲရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံတွင် ချည်မျှင်ရှည်ဝါသီးနှံကို ရာသီအလိုက် မိုးကြို၊ မိုးနှောင်း ကာလများတွင် စိုက်ပျိုးဆောင်ရွက်လျက်ရှိရာ ဝါသီးနှံစိုက်ဧကများ တိုးချဲ့နိုင်ရေး၊ အထွက်နှုန်းအား ပန်းတိုင်ရည်မှန်းချက်များ ရရှိစေရန်အတွက် ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို ကျယ်ပြန့်စွာအသုံးပြု၍ စိုက်ပျိုးထုတ်လုပ်သွားရန် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၇၃)

## ကျောက်ဆည်မြို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး ရပ်ကွက်၊ ကျေးရွာများတွင် အသိပညာပေးဟောပြောခြင်း၊ ကလိုရင်းဆေးခတ်ခြင်းများ ပြုလုပ်

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ပြည်သူများ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိရှိနားလည်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်စေရန်နှင့် ကျန်းမာခြင်းအကြောင်းများ ပိုမိုသိရှိနားလည်စေရန် ယနေ့ နံနက်ပိုင်းက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး ရပ်ကွက်၊ ကျေးရွာများတွင် ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကလိုရင်းဆေးခတ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ရပ်မိ၊ ရပ်ဖများနှင့် ပြည်သူများက ဝိုင်းဝန်းကူညီခဲ့ကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသော ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသော ရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ကြောင်း၊ ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးကာလများတွင် အဖြစ်များကြောင်း၊ ရောဂါမဖြစ်ပွားစေရေး အစာမစားမီ၊ အစားအစာပြင်ဆင်ချိန်၊ အညစ်အကြေးနှင့် အမှိုက်များ ကိုင်တွယ်ပြီးချိန်၊ အိမ်သာမှဆင်းချိန်တို့တွင် လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာ စနစ်တကျဆေးကြောကြရန်၊ တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ရန်၊ ယင်လုံအိမ်သာ ရာနှုန်းပြည့် သုံးစွဲကြရန်၊ ရေကို ကျိုချက်၍ သောက်ရန်၊ အစားအစာများကို ကျက်အောင်ချက်ပြီးမှ စားသုံးရန်၊ အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားရန်၊ ခြင်၊ ယင်များ မပေါက်ပွားစေရန် ပတ်ဝန်းကျင်သန့်ရှင်းရေးကို အထူးဂရုပြုဆောင်ရွက်ကြရန် အသိပညာပေးဟောပြောခဲ့သည်။ (ဓါတ်ပုံ)



ဆက်လက်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းနှင့် ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြည်သူများအသုံးပြုလျက်ရှိသော သောက်သုံး ရေတွင်း၊ ရေကန်များအတွင်းသို့ ကလိုရင်းဆေးများ ခတ်ပေးခဲ့ကြောင်းနှင့် ကလိုရင်းဆေးခတ်ပေးခြင်းဖြင့် ရောဂါဖြစ်စေသည့် ပိုးမွှားများအား ထိန်းချုပ်စေပြီး သေကျေပျက်စီးစေကာ သန့်ရှင်းသော သောက်သုံးရေများ ရရှိစေပြီး ရေမှတစ်ဆင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားခြင်းမှ ထိရောက်စွာကြိုတင်ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

ဝ-ဝ-ဝ-ဝ-ဝ

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(ဝ၁ဝ၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (ဝ၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ဝ၂-၂၈၄၇၃၃၈၊ ဝ၂-၂၈၃၂၀ဝ၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-ဝ၂-၄ဝ၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ် အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံညောင်ဦးရှိ တန်ခိုးကြီးဘုရားများအား သွားရောက်ဖူးမြော်



နေပြည်တော် နိုဝင်ဘာ ၁၆

မြန်မာနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ ပုဂံ-ညောင်ဦးသို့ လေယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ နေပြည်တော်လေဆိပ်၌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိများက ပို့ဆောင်နှုတ်ဆက်ကြသည်။

### ဖူးမြော်ကြည်ညို

အဆိုပါ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ် အကြီးအကဲနှင့် အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးလေဆိပ်သို့ရောက်ရှိရာ လေဆိပ်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြစံ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ရွှေစည်းခုံဘုရား၊ ထီးလိုမင်းလိုဘုရားနှင့် အာနန္ဒာဘုရားများသို့ သွားရောက် ဖူးမြော်ကြည်ညိုကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ (ယာပုံ) အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

### ရှင်းလင်းပြသ

ထို့နောက် ဘုရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့သည် ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်လေ့လာကြရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ပြခန်းတာဝန်ခံတို့က ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံရှင်းလင်းပြသသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်က ဘုရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E.Mr. Iskander Azizov တို့ကို Aureum Palace Hotel တွင် နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ဟိုတယ်အတွင်း၌ ပုဂံဒေသထွက်ကုန် ဖြစ်သည့် ပုံးရည်ကြီး ထုတ်လုပ်ပုံအဆင့်ဆင့်ကို လိုက်လံရှင်းလင်းပြသကာ ပုံးရည်ကြီးများ လက်ဆောင်ပေးအပ်သည်။

### ကြည့်ရှုလေ့လာ


ယင်းနောက် ဧည့်သည်တော်အဖွဲ့သည် ဦးဘငြိမ်း ယွန်းထည်ဆိုင်သို့ သွားရောက်ပြီး ယွန်းထည် အဆင့်ဆင့်ပြုလုပ်နေမှုကို ကြည့်ရှုလေ့လာကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ညနေပိုင်းတွင် ဘုရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးတို့က ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ် အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းတန်ခိုးကြီးဘုရားများအား ဖူးမြော်လေ့လာစဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘုရားတီးရားပြည်နယ် အကြီးအကဲ H.E. Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။

# တောင်ငူမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်စည်ကားသိုက်မြိုက်စွာကျင်းပ



တောင်ငူ နိုဝင်ဘာ ၁၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကျက်သရေဆောင် ရှေးဟောင်း သမိုင်းဝင် ရွှေဆံတော်စေတီတော် မြတ်ကြီး၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ယမန်နေ့ တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဘုရားရင်ပြင်တော်၌ ကျင်းပရာ ဒေသခံပြည်သူများက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထိုသို့ကျင်းပရာတွင် တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးညီညီလွင်စိုး၊ ဂေါပက အဖွဲ့ဝင်များနှင့် တောင်ငူမြို့သူမြို့သားများက သာမညဖလ အခါတော်နေ့ အထိမ်းအမှတ် အဖြစ် မီးပုံးပျံများလွှတ်တင်ပူဇော်ခြင်း၊ ရွှေဆံတော်စေတီတော် မြတ်ကြီး၌ တန်ဆောင်တိုင်ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်း၊ တောင်ငူမြို့ PCEC ကိုယ်ပိုင် အထက်တန်းကျောင်းမှ ပြသထားသည့် တန်ဆောင်တိုင်အထိမ်းအမှတ် ပန်းချီလက်ရာများကို ကြည့်ရှုခြင်းနှင့် ဒေသခံအဆိုတော်များ၏ ကပြသီဆိုဖျော်ဖြေခြင်းများကို ကြည့်ရှုအားပေးကြကာ တန်ဆောင်တိုင်မီးထွန်းပွဲတော်တွင် စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ဇော်ကိုကို
(တောင်ငူ)



ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ကျင်းပသည့် ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်သို့ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

* ရှေ့ဖုံးမှ

ထို့အတူ ကျောက်စာရုံ စေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယ ကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ ဗိမာန်တော်ကြီး၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုအလိုက်၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့အလိုက် ပျော်ရွှင်စွာအမှတ်တရ ဓာတ်ပုံရိုက်ကြသည့်ဘုရားဖူးလာ ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**ရောင်းချပေးလျက်ရှိ**

ထို့ပြင် ဘုရားဖူးလာ ပြည်သူများ ဒေသထွက်လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာ အစားအစာအရောင်းဆိုင်များဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးလာ ပြည်သူများသည် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များကို ဝယ်ယူအားပေးကြရာ ပစ္စည်းများ ပြတ်လပ်သည်အထိ ရောင်းချခဲ့ရသည်။

အလားတူ နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာလှည်းယဉ်ကျေးမှု၊ နွားလှည်းနှင့် နွားအလှပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့တွင် တပ်ကုန်းမြို့ မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ လာရောက် ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

**စည်ကားလျက်ရှိ**

ထို့အတူ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးပြီး မြန်မာ့ရိုးရာ တန်ဆောင်တိုင်မီးထွန်းပွဲတော်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲနှင့် MSME ဈေးရောင်းပွဲတော်ကို ယမန်နေ့ ညပိုင်းက ပဲခူးမြို့ ဆုတောင်းပြည့် ရွှေမော်ဓော စေတီတော်မြတ်ကြီး ဘုရားလမ်းနှင့် ယာဉ်ရပ်နားကွင်းတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ လာရောက်လည်ပတ်ကြည့်ရှုသူများဖြင့် အထူးစည်ကားခဲ့သည်။

**တင်ဆက်ကပြ**

အလားတူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ကျင်းပသည့် ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော် ဒုတိယနေ့ဖြစ်သည့် တန်ဆောင်မုန်း လပြည့်နေ့ညပိုင်းတွင် ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများဖြင့် အထူးစည်ကားခဲ့ပြီး ဂီတပွဲတော်တွင် နာမည်ကျော် တေးသံရှင်များ ပါဝင်ဖျော်ဖြေ တင်ဆက်ခဲ့ကြသည့် တိုင်းရင်းသားရိုးရာ အကအလှများဖြင့် ပါဝင်တင်ဆက်ကပြခဲ့ကြသည်။ ညပိုင်း၌ ရောင်စုံ မီးရှူးမီးပန်းများနှင့် မီးပုံးပျံများကို လွှတ်တင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကား

ဇလွန် နိုဝင်ဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ တန်ဆောင်မုန်းလပြည့်ကျော် တစ်ရက်နေ့ညတွင် လျှပ်စစ်ရောင်စုံမီးများ၊ ဆီမီးများဖြင့် ညနေ ၆ နာရီတွင် ထွန်းညှိပူဇော်ထားရာ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဝေယံ - ဇလွန် (ပြန် / ဆက်)

## ပျက်စီးယိုယွင်းနေသော နံရံဆေးရေးပန်းချီများ ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်နိုင်ရန် အမှိုက်သရိုက်နှင့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်း

မင်းဘူး နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ မှန်ကင်းပရိယတ္တိစာသင်တိုက်အတွင်း ဝတ်ကြီးလိုဏ်ဂူမှ ပျက်စီးယိုယွင်းနေသော ရှေးခေတ်နံရံဆေးရေးပန်းချီများ ပြန်လည်ပြုပြင်နိုင်ရန် အမှိုက်သရိုက်နှင့် ချုံနွယ်များကို ယနေ့နံနက် ၇ နာရီက ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာ၌ ပွင့်လင်းရာသီတွင် ပြည်တွင်း၊ ပြည်ပမှ ခရီးသွားများ မင်းဘူးမြို့နယ်အတွင်းမှ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများနည်းတူ ဝတ်ကြီးလိုဏ်ဂူလည်း ဝင်ရောက်ကြည့်ရှုကြမည်ဖြစ်ရာ လိုဏ်ဂူအတွင်းမှ ပျက်စီးယိုယွင်းနေသောရှေးခေတ်နံရံဆေးရေးပန်းချီများအား ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်နိုင်ရန် လိုဏ်ဂူပရိဝုဏ်အတွင်း ပေါက်ရောက်နေသော ချုံနွယ်များ၊ မြက်ပင်နှင့် အမှိုက်သရိုက်များကို ခုတ်ထွင်ရှင်းလင်း ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ခြင်းကို မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများက ကြီးကြပ်၍ အဖွဲ့ဝင်အင်အား ၁၀၀ ခန့်ဖြင့် လိုဏ်ဂူအဝင်လမ်း၊ အမိုးပေါ်နှင့် လိုဏ်ဂူဘေးပတ်ပတ်လည်အား ရှင်းလင်းဆောင်ရွက်ခဲ့ကြပြီး ထိုကဲ့သို့ဆောင်ရွက်ခြင်းကို အခြားအထင်ကရနေရာများတွင်လည်း ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဓေယျာထက်(မင်းဘူး)





## ကျိုက်ထိုမြို့နယ်၌ တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့၌ စတုဒိသာ ကျွေးမွေးသူများဖြင့် စည်ကားလျက်ရှိ

ကျိုက်ထို နိုဝင်ဘာ ၁၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက် ယနေ့ နံနက်ပိုင်းမှစတင်ကာ မြို့နယ်အတွင်း စတုဒိသာ ကျွေးမွေးသူများ၊ အလှူဒါနပြုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

တန်ဆောင်မုန်းလပြည့်ကျော်(၁)ရက်နေ့တွင်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၌ ဆွမ်းတော်ကြီးတင်လှူပွဲများပြုလုပ်ခြင်း၊ မီးထွန်းပွဲများပြုလုပ်ခြင်း၊ရပ်ကွက်/ကျေးရွာများ၌စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ကျိုက်ပေါလော မုံ့ရှင်တော်ဘုရား၊ သံသရာအေးစေတီ၊ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်တို့၌လည်း ဘုရားလာရောက်ဖူးမြော်သူ ပြည်သူများဖြင့်စည်ကားလျက်ရှိကြောင်း သိရသည်။ **ဝင်းမောင်(ကျိုက်ထို)**

# မှော်ဘီမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လှပဒါး ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်တစ်ပါးနှင့် ဒေသခံပြည်သူ ၁၄၅ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါအိမ်ရာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ခုနစ်ပါးနှင့် ဒေသခံပြည်သူ ၁၁၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၆

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြား လျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေး အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အပါအဝင် မြို့နယ် ၁၆ မြို့နယ်တို့ရှိ စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။



ထိုသို့ တက္ကသိုလ်များနှင့် စာသင်ကျောင်းများ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့အတူ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်သူ့ဆေးရုံ၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စိုက်မွေးရပ်ကွက်ရှိ တိုက်နယ်ဆေးရုံ၌ လည်းကောင်း နယ်မြေခံ တပ်မတော်သားများက ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်အတူ ဆေးရုံဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေကျော်ကျမှု ရပ်တန့်

ပွင့်ဖြူ နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မိုးရွာသွန်းမှုကြောင့် ကြီးအုံကြီးဝတမံ ရေပြည့်မှတ်ဖြစ်သည့် ၃၄၀ ပေအထက် တမံရေပိုလွှဲမှ ၈ ဒသမ ၃ ပေခန့်အထိ ရေကျော်ကျမှုရှိခဲ့ရာမှ ယခုအခါ မိုးရွာသွန်းမှုမရှိတော့သဖြင့် နိုဝင်ဘာ ၁၆ ရက်၊ ယနေ့ နံနက်ပိုင်းကစပြီး တမံရေပိုလွှဲမှ ရေကျော်ကျမှု ရပ်တန့်သွားပြီဖြစ်ကြောင်း အဆိုပါ ကြီးအုံကြီးဝတမံ ရေကင်းတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းလွင်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်မှ စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မိုးရွာသွန်းမှုများခဲ့သည့်အတွက် ကြီးအုံကြီးဝတမံအတွင်း မိုးရေဝင်ရောက်မှုများရှိခဲ့ပြီး တမံရေပြည့်မှတ်ဖြစ်သည့် ၃၄၀ ပေအထက်တမံရေပိုလွှဲမှ ၈ ဒသမ ၃ ပေခန့်အထိ ရေကျော်ကျမှုများရှိခဲ့ပြီး တမံရေပိုလွှဲမှ ရေကျော်ကျမှု အခြေအနေအား အစိမ်းရောင်အလံစိုက်ထူ၍ တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ သိရှိနိုင်ရေးအတွက် နေ့စဉ်အသိပေးနိုးဆော်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ မိုးရွာသွန်းမှုများ မရှိတော့သဖြင့် တမံရေပိုလွှဲမှ ရေကျော်ကျမှုမှာ ယနေ့နံနက်ပိုင်းကစပြီး ရပ်တန့်သွားပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးရွာသွန်းမှု ကောင်းမွန်ခဲ့မှုကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးရေ မှီခိုအားထားရသည့် ကြီးအုံကြီးဝတမံအတွင်း မိုးရေများ သိုလှောင်စုဆောင်းနိုင်ခဲ့သဖြင့် တမံအတွင်းရှိ ရေများကို မဲဇလီရေလွှဲဆည်သို့ ပို့လွှတ်၍ ဆောင်းသီးနှံနှင့် နွေသီးနှံအတွက် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အလုံအလောက် ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်သည်။

(၄၄၅)

၀-၀-၀-၀-၀

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# တန်ဆောင်မုန်းလရာသီနှင့် ခဝဲသီးဓာတ်စာ



မြန်မာပြက္ခဒိန်၏ ဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် ရှစ်လမြောက်ဖြစ်သည်။ တန်ဆောင်မုန်းဟူသော ဝေါဟာရကို ရှေးခေတ်ကျောက်စာတို့တွင် 'တန်ဆောင်မွန်' ဟု ရေးထိုးကြသည်။ ရှတ်ဆိုခေါ်ဝေါ်ရာ၌မူကား 'တန်ဆောင်မှုန်း' ဖြစ်၏။ ယင်းမှ တန်ဆောင်မုန်းသို့ ရွေ့လျားလာခြင်းဖြစ်ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ 'တန်ဆောင်' မှာ 'မီးတိုင်'၊ 'မှုန်း' မှာ 'ပျံ့နှံ့စေခြင်း' ဟု အဓိပ္ပါယ်ရပြီး ထိုဝေါဟာရနှစ်ခုပေါင်းလိုက်လျှင် 'ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်' ဟု ဆိုလိုကြောင်း မှတ်သားရပါသည်။

**တန်ဆောင်မုန်းလနှင့် ပွဲတော်**

တန်ဆောင်မုန်းလသည် မြန်မာတို့၏ ယဉ်ကျေးမှု ထုံးတမ်းစဉ်လာများ၊ ရိုးရာအစဉ်အလာ ယုံကြည်သက်ဝင်မှုများဖြင့် ပြည့်နှက်နေပါသည်။ ဘာသာရေးဆိုင်ရာပွဲတော်နှင့် အခမ်းအနားများမှာ မီးထွန်းပွဲ၊ ကထိန်ပွဲ၊ ကျီးမနိုးပွဲ၊ မသိုးသင်္ကန်းရက်လှူပွဲ၊ ပုံသကူပစ်ပွဲ၊ ရှင်မာလဲပွဲနှင့် ကြာသင်္ကန်းကပ်လှူပူဇော်ပွဲ စသည်တို့ဖြစ်ကြသည်။ အဆိုပါပွဲတော်များအနက် အထင်ရှားဆုံးမှာ ကထိန်ပွဲဖြစ်ပါသည်။ 'ကထိန်' သည် 'ကထိန' ဟူသော ပါဠိကို မြန်မာမှုပြုကာ မြန်မာဝေါဟာရသို့ ပြောင်းလဲထားသော အမည်ဖြစ်ပြီး ကထိန်ဟူ သည် သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသော ကထိန်အမှုနှင့် စပ်သမျှ အရာအားလုံးကို ခြုံငုံ၍ ခေါ်ဝေါ်သုံးစွဲသည့် အမည်ဖြစ်သည်။

ကထိန်သင်္ကန်းကပ်လှူပွဲသည် သီတင်းကျွတ်လပြည့်ကျော်တစ်ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလ ဖြစ်ပါသည်။ ကထိန်သင်္ကန်းကပ်လှူရခြင်းကြောင့် အလှူရှင်များအနေဖြင့် သွားလေရာအရပ်ရပ်တို့၌ အနှောင့်အယှက်မရှိ၊ ဘေးကင်းစွာ သွားလာရခြင်း၊ မိမိပိုင်ပစ္စည်းများကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်ခြင်း၊ စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း၊ မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း၊ ပစ္စည်းများရှာဖွေရာတွင် သူတကာတို့ထက်ထူး၍ အစုလိုက်အပုံလိုက်ရခြင်း၊ ရပ်ရှည်အဆင်းချောမောလှပခြင်း ဟူသော အကျိုးတရားများကို ရရှိခံစားနိုင်မည်ဖြစ်ကြောင်း ကျမ်းဂန်များက ဆိုပါသည်။

'မသိုးသင်္ကန်း' ရက်လှူပူဇော်ပွဲမှာလည်း ထင်ရှားသည့် အလှူဒါနတစ်ခုဖြစ်သည်။ မသိုးသင်္ကန်းဟူသည် နေ့မကူး၊ ရက်မကူးစေဘဲ တစ်ရက်အတွင်း အပြီးရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်သဖြင့် မသိုးသင်္ကန်းဟုခေါ်ဆိုခြင်းဖြစ်ပါသည်။ မသိုးသင်္ကန်းကို ကထိန်ကာလ၏ နောက်ဆုံးနေ့ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့ မတိုင်မီ လဆန်း ၁၄ ရက်ညနေပိုင်းတွင် စတင်ရက်လုပ်ကြပြီး လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ ကပ်လှူကြရသည်။

**တန်ဆောင်မုန်းလနှင့် ခဝဲသီးဓာတ်စာ**

ရက္ခဗေဒသဘောအရ Cucurbitaceae မျိုးစိတ်ဖြစ်သော ခဝဲသီးသည် ဘူး၊ ဖရုံ၊ သခွား၊ သပွတ်ပင်တို့နှင့် မျိုးနွယ်တူ ဖြစ်ပါသည်။ သို့သော် အစိမ်းရောင်နွယ်ပင် ခဝဲသီးအပင်လေးများ (Ridge Gourd) ပေါက်ရောက်ရာ ဇာစ်မြစ်သည် အာဖရိကတိုက်၏ သဲကန္တာရထဲရှိ အိုအေစစ်များဖြစ်ကြပြီး ထိုမှတစ်ဆင့် တစ်ကမ္ဘာလုံးသို့ပျံ့နှံ့လာခြင်းဖြစ်ကြောင်းကို ထူးဆန်းအံ့သြဖွယ် လေ့လာသိရှိရပါသည်။

မြန်မာတို့၏ (၁၂) လရာသီပန်းများတွင် တန်ဆောင်မုန်းလ၏ ရာသီပန်းမှာ 'ခဝဲပန်း' ဖြစ်ပါသည်။ ခဝဲပန်းကို တန်ဆောင်မုန်းလ၏ နက္ခတ်ကြိုက်ပန်းအဖြစ် မှတ်ယူကာ 'ခဝဲပွင့်တုန်း တန်ဆောင်မုန်း'၊ 'ခဝဲပွင့်ချိန် ခင်းကထိန်'၊ 'ခဝဲလှိုင်လှိုင် တန်ဆောင်တိုင်' စသည်ဖြင့် မှတ်တမ်းတင်ကြပါသည်။ ရှေးစာဆို ကဝိအကျော်အမော်တို့က ရာသီစာသီးနှံတစ်မျိုးဖြစ်သော ခဝဲသီးပင်၏ ပန်းပွင့်ကို (၁၂)လရာသီ တော်ဝင်ပန်းများစာရင်းတွင် တခမ်းတနားထည့်ထားခြင်းက စိတ်ဝင်စားစရာ ဖြစ်နေပါသည်။

ထိုအကြောင်းအရာနှင့် ပတ်သက်၍ စာရေးဆရာကြီး မင်းသုဝဏ်က 'ခဝဲပန်းကား ကဗျာဆရာတို့အဖို့ တန်ဆောင်မုန်းလ၏ ရာသီပန်းဖြစ်သည်။ တောချုံပုပ္ပေါင်း(မူရင်းသတ်ပုံ) ပိတ်ပေါင်းတို့တွင် တလွှန့်လွှန့်တက်နေသော ခဝဲနွယ်ပင် အဆစ်တို့မှာ ဝါးကနဲ၊ ဝင်းကနဲ၊ ထိန်ကနဲ၊ လက်ကနဲ နံနက်နေရောင်ခြည်တွင် ပွင့်လန်းနေကြသော ခဝဲပန်းတို့ကို မြန်မာကဗျာဆရာတို့ လွန်စွာသတိပြုခဲ့ကြပုံရသည်။ ခဝဲပွင့်၏ ကြုသင်းသော ရနံ့ကိုလည်း လွန်စွာအာရုံပြုကြခဲ့ပုံရသည်။ ထို့ကြောင့်လည်း ပန်းအများရှိသည့်အနက် ခဝဲပန်းကိုသာလျှင် ရွေးချယ်ကာ တန်ဆောင်မုန်းလ၏ ရာသီပန်းအဖြစ် တင်မြောက်ခဲ့ခြင်း ဖြစ်ပေရာသည်' ဟူ၍ မှတ်တမ်းတင်ထားကြောင်း ၁၉၆၆ ခုနှစ်ထုတ် ဆရာကြီး မင်းသုဝဏ်ရေးသားသော ဖိုးသူတော်ဦးမင်း၏သဘာဝပြက္ခဒိန်နှင့် အခြားစာများ စာအုပ်ထဲတွင် လေ့လာမှတ်သားရပါသည်။

အဝါရောင်တောက်တောက် ခဝဲပန်းလေးတွေကို အထူးတလည်အားဖြင့် ဘုရားတွင်မလှူ၊ လူတွေလည်း ဦးခေါင်းထက် ပန်ဆင်လေ့မရှိကြသော်လည်း ဆေးဝါးဖော်စပ်ရာတွင် အသုံးတည့်လှပါသည်။ ခဝဲပန်းက ချိုအေးသောအရသာရှိကာ အစာကြေညက်လွယ်သည်။ အစားပျက်ခြင်း၊ ခံတွင်းပျက်ခြင်းအတွက် စားပေးသင့်သည်။ ထို့ကြောင့် ရာသီအပြောင်းအလဲ ဆောင်းဝင်ခါစ၌ လူအများခြေအေးဝမ်းရောင်၍ အစာမကြေရောဂါခံစားရတတ်ပေရာ ၎င်းအတွက် ခဝဲပွင့်လေးများက အချိန်မီပွင့်ပေးကြပြီး သဘာဝ၏ ဆေးဝါးအလှူငှာ ထောက်ပံ့နေကြပါသည်။ ထို့ကြောင့်လည်း နွယ်ပင်မျိုးနွယ် ခဝဲပန်းကို ၁၂ လ ရာသီပန်းအဖြစ် မှတ်တမ်းပြုခံရခြင်းမှာ လျော်ညီလှပါသည်။ ထို့ပြင် ခဝဲပန်းကို ပန်းနာရင်ကြပ်ရော၊ အသည်းရောဂါ ဆေးဝါးဖော်စပ်ရာတွင် သုံးလေ့ရှိသည်။ ဝဲ၊ နှင်းခူ၊ ပွေး၊ ဒက်၊ အရေပြားယားယံ၍ အနီကွက်ထခြင်း စသည့်အရေပြားရောဂါအမျိုးမျိုးအတွက် ခဝဲပန်းကို ကြိတ်ချေ၍ လိမ်းပါ။ အနာကြီးရောဂါရှင်များက ခဝဲပန်းကြိတ်ချေ၍ ရလာသောအရည်ကို ကြက်သွန်ဖြူဖြင့် ရောစပ်လိမ်းပေးခြင်းဖြင့် သက်သာစေပါသည်။

**ခဝဲသီးစားဖွယ်စုံ**

လတ်ဆတ်သော ခဝဲသီး၏အရောင်သည် အစိမ်းရင့်ရောင်ဖြစ်ကာ အပေါ်ယံအရေပြားအခွံ၏ မြောင်းအချွန်းကလေးများသည် တောင့်တင်းနေကြ၏။ အပင်မှမရင့်မှည့်ခင် အသီးကို ခူးဆွတ်ပေးရပါမည်။ သို့မဟုတ်ပါက အထဲရှိ အသားမျှင်များသည် သစ်သားကဲ့သို့ မာကျောလာပါလိမ့်မည်။ အရသာချိုအေးကာ နှစ်သက်ဖွယ်ရနံ့လည်းရှိသော ခဝဲသီးကို သုပ်ချည်းသက်သက် သားသတ်လွတ်ကြော်ခြင်း၊ အခြားဟင်းရွက်တို့ဖြင့် ရောနှောကာ အစိမ်းကြော်ခြင်း၊ နှစ်သက်ရာ ကြက်ဉ၊ ဘဲဉ၊ ပုစွန်၊ အသားပြုတ်တို့ဖြင့် မွှေကြော်ခြင်း၊ ပဲကြာဆံရောနှော၍ ကြော်ချက် ချက်စားခြင်း စသည်ဖြင့် အမျိုးမျိုးစားသုံးနိုင်ပါသည်။

**ခဝဲသီးနှင့်ကျန်းမာရေး**

'ခဝဲသီးထဲတွင် လူသားတို့ကျန်းမာရေးကို ကောင်းကျိုးပြုစေသည့် ဗီတာမင်နှင့် သတ္တုဓာတ် (၁၀)မျိုးပါရှိသည့်ပြင်၊ ဘေးဥပါဒ်ဖြစ်စေတတ်သောပြည့်ဝဆီနှင့် ကိုလက်စထရောပါဝင်မှု လွန်စွာနည်းပါးသည်။ ထို့ပြင် ရေဓာတ်ပါဝင်မှု မြင့်မားခြင်းကြောင့် အဝလွန်သူများနှင့် ကိုယ်အလေးချိန်ပုံမှန်ထိန်းသိမ်းလိုသူများအတွက် အသင့်တော်ဆုံးဖြစ်သည်။'

'ချိုအေးသောအရသာရှိကာ အစာကြေညက်လွယ်စေပါသည်။'

'အိန္ဒိယနိုင်ငံတွင် ပန်းနာရင်ကြပ်ရောဂါနှင့် အသည်းရောင်အသားဝါဝေဒနာသည်များကို ဆေးမြီးတိုအဖြစ် ခဝဲသီးဖျော်ရည်တစ်ခွက်ကို သကြားနှစ်ဇွန်းရောကာ တစ်နေ့နှစ်ကြိမ်တိုက်ကျွေးလေ့ရှိသလို၊ ခဝဲသီးအစေ့ကို အခြောက်လှမ်းအမှုန့်ကြိတ်၍လည်း သောက်သုံးနိုင်သည်။'

'ခဝဲသီးသည် အရက်သေစာသောက်သုံးခြင်းကြောင့် အသည်းထိခိုက်မှုကို ကာကွယ်ပေးသည့်အပြင် အသည်းကို သန့်စင်စေကာ အာဟာရပြန်လည်ဖြည့်တင်းပေးသဖြင့် အရက်စိုးသမားများအတွက် အထူးသင့်လျော်သည်။'

'ခဝဲသီးတွင် အင်ဆူလင်ဓာတ် ပါဝင်သောကြောင့် သွေးနှင့်ဆီးထဲရှိ သကြားပမာဏတို့ကို ထိန်းညှိပေးနိုင်သည်။'

'ဆယ်လူလို့စ်ဓာတ်ပေါင်းတစ်မျိုး ပါဝင်နေခြင်းကြောင့် အစာအိမ်ကိုကောင်းကျိုးပြုကာ လိပ်ခေါင်းရောဂါမှ ကာကွယ်ပေးသည်။ ဝမ်းကိုက်ရောဂါအတွက် အရွက်ပြုတ်ရည်ကိုလည်းကောင်း၊ ဝမ်းပျော့ဆေးအဖြစ် အစေ့ကိုဝါးစား၍သော်လည်းကောင်း၊ အစာအိမ်ထဲရှိ တုပ်ပြား၊ သန်ကောင်ပြားများကို သေစေရန်အတွက် ခဝဲသီးတစ်လုံးကို ရေနှစ်ခွက်ဖြင့် ပြုတ်ကာ ဆားရော၍ တစ်နေ့တစ်ကြိမ်မျှ သောက်ပေးခြင်းဖြင့်လည်းကောင်း ဘက်စုံအသုံးပြုနိုင်သည်။'

'အပူငြိမ်းစေ၍ ခန္ဓာကိုယ်အတွင်းပိုင်းကို အေးမြစေကာ ဆီးရွှင်စေသည်။ ဆီးကျောက်ကျေစေရန်အတွက် ခဝဲသီးပင်အမြစ်ကို နွားနို့ဖြင့် ပြုတ်သောက်ပေးသင့်သည်။'

'နံနက်အိပ်ရာထ ခဝဲသီးကို မိမိနှစ်သက်ရာ အသီးအနှံတစ်ခုခုဖြင့်ရော၍ အရည်ညှစ်သောက်ပေးပါက ကိုယ်ခံစွမ်းအားတိုးတက်ကောင်းမွန်စေကာ ပြင်ပရောဂါများအလွယ်တကူ ကူးစက်ခြင်းမှလည်း ဟန့်တားကာကွယ်ပေးနိုင်သည်။'

- သရက်ရွက်ကို ကျန်းမာစေသည်။
- သင်းရည်(သားနံ့ရည်)ထွက်သော ရောင်ရမ်းသည့်အနာများအတွက် ခဝဲသီးပင်အမြစ်ပြုတ်ရည်ကို ဖန်ရည်အဖြစ်ဆေးပေးနိုင်သည်။
- ဝဲ၊ နှင်းခူ၊ ပွေးကွက်၊ ဒက်၊ အရေပြားယားယံကာအနီကွက်ထခြင်း စသည့် အရေပြားရောဂါများအတွက် ခဝဲသီးပင်အရွက်သတ္တုရည်ဖြင့် လည်းကောင်း၊ ခဝဲသီးအစေ့မှ ထုတ်လုပ်သောအဆီဖြင့် လည်းကောင်း လိမ်းကျံပေးနိုင်သည်။ အနာကြီးရောဂါသည်များ ခဝဲသီးပင်အရွက်သတ္တုရည်ကို ကြက်သွန်ဖြူဖြင့် ရောစပ်လိမ်းပေးခြင်းဖြင့် ချမ်းသာရာရစေသည်။
- ခဝဲသီးကိုအခွံမနွှာဘဲ ခပ်ပါးပါးလှီး၍ နေပူပူတွင်အခြောက်ခံကာ ရရှိလာသော အမှုန့်ကို အုန်းဆီပုလင်းထဲစိမ်၍ လိမ်းပေးခြင်းဖြင့် အရွယ်မတိုင်မီ ဆံပင်ဖြူခြင်းကို ကာကွယ်ပေးသည်။
- ဘီတာကယ်ရိုတင်းဓာတ် မြင့်မားစွာပါရှိခြင်းကြောင့် အမြင်အာရုံကို တိုးတက်ကောင်းမွန်စေသည်။ မျက်လုံးအမြေးပါးယောင်ယမ်းခြင်းနှင့် မျက်စိစွန်ခြင်းတို့အတွက် ခဝဲသီးသတ္တုရည်ကို မျက်စင်းအဖြစ် ဘေးဥပါဒ်ကင်းဝေးစွာ ခပ်ပေးနိုင်ပါသည်။
- အန်ဆေး၊ သလိပ်ပုပ်ထုတ်ဆေးအဖြစ် အသုံးဝင်သည်။
- ထိခိုက်ပြတ်ရှဒဏ်ရာများအပေါ် ခဝဲသီးအနှစ်သားကိုလိမ်းအုံပေးခြင်းဖြင့် သွေးတိတ်စေကာ အနာမြန်မြန်ကျက်စေသည်။
- ခဝဲသီးကို မခူးဆွတ်သေးဘဲ အပင်ပေါ်တွင် ရင့်မှည့်ခြောက်သွေ့သွားသည်အထိ ပစ်ထားလိုက်ပါ။ ထို့နောက် အပင်ပေါ်မှ ခူးဆွတ်ကာ အသီး၏အပေါ်ယံအခွံကိုခွာ၍ အစေ့များကို ဖယ်ထုတ်ပါ။ ၎င်းအသီးထဲရှိအမျှင်များကို ရေမြှုပ်ရာဘာအဖြစ် မိမိနှစ်သက်ရာဆပ်ပြာဖြင့် ရေချိုးသန့်စင်နိုင်ပါသည်။ ခဝဲသီးသည် သွေးကို သန့်စင်ပေးနိုင်သည့် အစွမ်းသတ္တိရှိခြင်းကြောင့် ဝက်ခြံအဖုအပိန့်များကို ပျောက်ကင်းစေကာ ခန္ဓာကိုယ်ပေါ်ရှိ ဆဲလ်အသေများကို ဖယ်ရှားပေးပြီး အရေပြား ပြန်လည်စိုပြည်ချောမွေ့လာစေပါမည်။ (သို့သော် မလိုလားအပ်သော မှိုအန္တရာယ်မှကင်းဝေးစေရန် ထိုရေမြှုပ်ရာဘာကို တစ်ကြိမ်သုံးပြီးတိုင်း ကြေးညှော်အညစ်အကြေးများ သန့်စင်သည်အထိ စင်ကြယ်စွာ ဆေးကြောအခြောက်ခံပြီးမှသာ နောက်တစ်ကြိမ် အသုံးပြုသင့်ပါသည်)

သို့ပါ၍ ခဝဲသီးပင်သည် တန်ဆောင်မုန်းလရာသီဓာတ်စာဖြစ်ပါသည်။ ရာသီစာသီးနှံပင်ဖြစ်သည့်အလျောက် ယခုလိုတန်ဆောင်မုန်းလရာသီတွင် ပို၍ ပေါပေါများများရနိုင်ပြီး ချက်ပြုတ်ရာတွင်လည်း မြန်ဆန်လွယ်ကူသော အစိမ်းရောင်ခဝဲသီးလေးများကို မိသားစုကျန်းမာရေးအတွက် လက်လွှတ်မခံသင့်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။

**စေတနာများစွာ - - - -**

**တင်ထက်ထက်ဇော်**

## ငယ်စဉ်ကခံစားရသော ပန်းနာရင်ကျပ်ရောဂါကြောင့် ဘဝတစ်လျှောက်လုံး မှတ်ဉာဏ်ထိခိုက်နိုင်ဖွယ်ရှိ



ငယ်စဉ်ကခံစားရသော ပန်းနာရင်ကျပ်ရောဂါကြောင့် ဘဝတစ်လျှောက်လုံး မှတ်ဉာဏ်ထိခိုက်နိုင်ဖွယ်ရှိကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ပန်းနာရင်ကြပ်ရောဂါနှင့် မှတ်ဉာဏ်အကြား ဆက်နွယ်ပတ်သက်မှုကို ကာလီဖိုးနီးယားတက္ကသိုလ်မှ စိတ်ပညာပါမောက္ခဆီမိုနာဂက်တီ ဦးဆောင်သော သုတေသီများစူးစမ်းလေ့လာရာမှ ထိုသို့တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ကလေးဘဝ၌ မှတ်ဉာဏ်လျင်မြန်စွာဖွံ့ဖြိုးနေစဉ် ပန်းနာရင်ကြပ်ရောဂါက အဟန့်အတားဖြစ်စေသည်ဟု တွေ့ရှိခဲ့ကြောင်း ပါမောက္ခဆီမိုနာဂက်တီက ရှင်းလင်းပြောကြားသည်။

အဆိုပါသုတေသီများသည် ပန်းနာရင်ကျပ်ရောဂါခံစားနေရသော အသက် ၉နှစ်နှင့် ၁၀နှစ်အကြား ကလေးပေါင်း ၂၀၆၂ ဦးတို့ကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

SCI



## Treasure အဖွဲ့ ဂီတဖျော်ဖြေပွဲပေါင်း ၄၈ ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့

ကေပေါ့ပ်မျိုးဆက်သစ် Treasure အဖွဲ့သည် ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်တွင် ဂျပန်တာဝါ၊ အာရှတာဝါ အပါအဝင် ပွဲပေါင်း ၄၈ ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ထရက်ရှာအဖွဲ့၏ ဆိုးလ်တွင် ကျင်းပခဲ့သည့် ဂီတဖျော်ဖြေပွဲ နှစ်ပွဲအပါအဝင် ပွဲပေါင်း ၅၀ ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့၍ ကေပေါ့ပ်လောကတွင် တောက်ပစွာ ပေါ်ထွက်လာခဲ့သည်။

မျိုးဆက်သစ် ထရက်ရှာအဖွဲ့၏ အသစ်သော ဖျော်ဖြေမှုများနှင့် မတူညီသော ဂီတပွဲများကို ပရိသတ်များက ရင်ခုန်စွာ စောင့်မျှော်နေကြသည်ဟု သိရသည်။ SKY

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Aishwarya Rai ချမ်းသာကြွယ်ဝသူ စာရင်းဝင်ဖြစ်

အိန္ဒိယအချမ်းသာဆုံး အနုပညာရှင်စာရင်းကို ကမ္ဘာတစ်ဝန်းမှ အချမ်းသာဆုံးပုဂ္ဂိုလ်များ၏ ထိပ်တန်းသုတေသနအဖွဲ့အစည်း Hurun Rich List 2024 အရ ထွက်ရှိလာရာ အစ်ရှ်ဝါရီယာရိုင်း ကလည်း စာရင်းဝင်ဖြစ်ခဲ့သည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ထိပ်တန်းသုတေသနအဖွဲ့အစည်း၏ စာရင်းအရ အိန္ဒိယ ချမ်းသာကြွယ်ဝသော အနုပညာရှင် ငါးဦးစာရင်းတွင် ဂျူဟီချာဝါလာ၊ အစ်ရှ်ဝါရီယာရိုင်းနှင့် ပရီယင်ကာချိုပရားတို့ ထိပ်ဆုံးစာ ရင်းဝင်ခဲ့သည်။

စတုတ္ထနှင့် ပဉ္စမနေရာတွင် အာလီယာဘတ်နှင့် ဒီပီကာပါဒူဝမ်တို့ စာရင်းဝင်ခဲ့ကြပြီး အိန္ဒိယ၏ အချမ်းသာဆုံး အနုပညာရှင်စာရင်းတွင် ပါဝင်ခဲ့ကြသည်။

SKY

## Project 7 မှ Lee Chen က သူ၏စံပြပုဂ္ဂိုလ်ကို ပြောကြားထား

ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ ပရောဂျက် ဆဲဗင်းအဖွဲ့ဝင် လီချန်သည် ဒေါက်တာအန်ဂျောင်ဂွမ်၏ သားစဉ်မြေးဆက်ဖြစ်ပြီး သူ၏စံပြပုဂ္ဂိုလ်ကို ပြောကြားခဲ့ရာ ခေါင်းစဉ်တစ်ခုအဖြစ် ပေါ်ထွက်လာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီချန်သည် ၁၉၉၈ခုနှစ်ဖွား တရုတ်နိုင်ငံသားဖြစ်ပြီး ကိုရီးယားဘာသာစကား ထူးချွန်ကာ အဘိုးအန်မြောင်ဂွမ်၏ဆရာမှာ ဒေါက်တာ အန်ဂျောင်ဂွမ်၏ညီမဝမ်းကွဲဖြစ်ပြီး လွတ်လပ်ရေးလှုပ်ရှားမှုတွင် အတူပါဝင်ခဲ့ကြပြီး အဘွားအန်ဂီဂျင်က အန်မြောင်ဂွမ်၏ မြေးမဖြစ်ခဲ့သည်ဟု အစီအစဉ်တစ်ခုတွင် ပြောကြားခဲ့၍ ပရိသတ်စိတ်ဝင်စားမှု မြင့်မားခဲ့ကြသည်။

လီချန်က သူ၏စံပြအဖြစ် ဘီတီအက်စ်မှ ဗွီကိုသတ်မှတ်ထားကြောင်း ဗွီကိုကြည့်၍ အိုင်ဒေါလ်ဖြစ်ရန် အိပ်မက်ရှိခဲ့ပြီး တရုတ်သင်တန်းသားဖြစ်ခဲ့ကြောင်း ပြောကြားခဲ့သည်။ Enhypen အဖွဲ့ဝင် ခုနစ်ဦးအနက် လေးဦးဖြစ်သည့် ဆောင်းဟွန်း၊ ဂျေး၊ ဆွန်းဝူနှင့် ဂျိတ်တို့အပြင် မျိုးဆက်သစ်များစွာ၏ စံပြပုဂ္ဂိုလ်မှာလည်း ဗွီ(ခေါ်) ကင်ထယ်ယောင်းဖြစ်ခဲ့သည်။

SKY

0-0-0-0-0-0-0






## The Shawshank Redemption အပါအဝင် ဇာတ်ကားကောင်းများ အော်စကာဆု မရခဲ့ကြ

ကမ္ဘာကျော်ရုပ်ရှင်များ ဖြစ်ခဲ့သည့် The Shawshank Redemption အပါအဝင် ရုပ်ရှင်ဆယ်ကားမှာ အော်စကာဆုမရရှိခဲ့၍ ပရိသတ် အံ့အားသင့်ဖြစ်ခဲ့ကြကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အော်စကာဆုပေးပွဲတွင် ကမ္ဘာကျော်ရုပ်ရှင်များဖြစ်ကြသည့် ရုပ်ရှင်ဆယ်ကားဆု မရရှိခဲ့ခြင်းအပေါ် ပရိသတ်အံ့အားသင့်ခဲ့ကြရာမှ The Shawshank Redemption (၁၉၉၄)၊ Before Sunrise (၁၉၉၅)၊ The Shining (၁၉၈၀)၊ Psycho(၁၉၆၀) တို့လည်း ပါဝင်ခဲ့ကြသည်။

အဆိုပါ ရုပ်ရှင် ၁၀ ကားစာရင်းတွင် Fight Club (၁၉၉၉)၊ Reservoir Dogs (၁၉၉၂)၊ In the Mood For Love (၂၀၀၀)၊ The Big Lebowski (၁၉၉၈) နှင့် Heat(၁၉၉၅) တို့လည်း ပါဝင်ခဲ့ကြရာ ပရိသတ်များ နားမလည်နိုင်အောင်အထိ ဖြစ်ခဲ့ကြသည်။ SKY

## Demi Moore ၏ The Substance ရုပ်ရှင်ဇာတ်ကား အလှကြိုက်သူများ သံဝေဂရစရာဖြစ်

နာမည်ကျော် ဟောလိဝုဒ် အနုပညာရှင် ဒမ်မီမိုး ပါဝင်ထားသည့် The Substance ရုပ်ရှင်ဇာတ်ကားမှာ မိန်းမတစ်ဦး၏ သဘာဝအရ အိုမင်းလာမှုကို လက်မခံနိုင်ဘဲ အလှအပအတွက် လောဘကို ပြသသွား၍ အလှကြိုက်သူများ သံဝေဂရစရာ ဖြစ်ခဲ့ရသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်တွင် ဒမ်မီမိုးက အလှအပများ ဆုံးရှုံး၍ နာမည်ကျဆင်းလာသည်ကို လက်မခံနိုင်သည့်နေရာမှ ပါဝင်သရုပ်ဆောင်ထားပြီး အသက်ငါးဆယ်အရွယ်နှင့် အသက်နှစ်ဆယ်ကိုယ်ခန္ဓာကို လုပ်ယူထားခြင်းဖြစ်သည်။

ဒမ်မီမိုးထက် မာဂရက်ကာလီကို ပို၍ သဘောကျခဲ့ကြပြီး ပထမပိုင်းဆွဲဆောင်အားပြင်းခဲ့ကာ နောက်ပိုင်းမှ ဒမ်မီမိုးက ဇာတ်ကို သယ်သွားခဲ့သည်။

ပရိသတ်အားပေးမှုနှင့် အွန်လိုင်းပေါ်တွင် နာမည်ကြီးနေသော ရုပ်ရှင်တစ်ခုလည်း ဖြစ်သည်။

SKY



## Benny Blanco ၏ Music Story မှာ ပရိသတ်ကြား စိတ်ဝင်စားမှုရရှိထား

အမေရိကန်ဂီတထုတ်လုပ်သူ၊ တေးရေး၊ တေးဂီတဖန်တီးသူ ဘန်နီဘလန်ကို၏ Music Story အကြောင်း ပရိသတ်ကြား စိတ်ဝင်စားမှု ရရှိထားသည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘန်နီဘလန်ကိုသည် နာမည်ကြီးအဆိုတော်များနှင့် လက်တွဲ အလုပ်လုပ်ခဲ့ပြီး အောင်မြင်မှုရရှိထားကာ လက်ရှိအဆိုတော် စလီနာဂိုးလ်မက်စ်နှင့်တွဲနေသူဖြစ်သည်။

ဘန်နီဘလန်ကို၏ Music Story ကို ထုတ်လွှင့်မည်ဖြစ်ရာ ပရိသတ်ကြား စိတ်ဝင်စားမှုတစ်ခုအဖြစ် ရေပန်းစားနေခြင်း ဖြစ်သည်။ SKY








## အသက် ၂၇ နှစ်အရွယ် ကာရိုလင်းလီယာဗစ်ကို အိမ်ဖြူတော်သတင်းအတွင်းဝန်အဖြစ် လျာထား

**ဝါရှင်တန် နိုဝင်ဘာ ၁၆**

အသက် ၂၇ နှစ်အရွယ် ကာရိုလင်းလီယာဗစ်ကို အမေရိကန်သမ္မတ အိမ်ဖြူတော်သတင်းအတွင်းဝန်အဖြစ် လျာထားလိုက်သည်ဟု ဒေါ်နယ်လ်ထရမ့်ထုတ်ဖော်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကာရိုလင်းသည် ကောလိပ်ကျောင်းတက်နေစဉ် ကပင် ဖောက်စ်သတင်းဌာနနှင့် အိမ်ဖြူတော်သတင်းပြန်ကြားရေးဌာနတို့တွင် အလုပ်သင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

အလွန်ပြောင်မြောက်သော သတင်းဆက်ဆံရေးကျွမ်းကျင်သူဖြစ်သည်ဟု ထရမ့်၏ချီးကျူးခြင်းခံရသော ကာရိုလင်းသည် အမေရိကန်သမိုင်းတွင် အသက်အငယ်ဆုံး အိမ်ဖြူတော်သတင်းအတွင်းဝန်အဖြစ် ခန့်အပ်ခံရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

**မုန်တိုင်းဝင်ရောက်မလာမီ မုန်တိုင်းလမ်းကြောင်းသင့်သော ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ကာဂါယန်ပြည်နယ် ဘူဂွေးမြို့နွန်ရပ်ကွက်ရှိ မိသားစုများကို သက်ဆိုင်ရာ ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဘေးလွတ်ရာကူညီရွှေ့ပြောင်းပေးနေကြစဉ်။ Mon**



## အသက် ၈၀ ကျော် ဇင်ဘာဘွေနိုင်ငံသူ မာဂရက်ခိုလာ မြေးဖြစ်သူကြောင့် ဖက်ရှင်မယ်အဖြစ် ကျော်ကြားနေ

**လူဆာကာ နိုဝင်ဘာ ၁၆**

အသက် ၈၀ ကျော် ဇမ်ဘီယာနိုင်ငံသူ မာဂရက်ခိုလာသည် ၄င်း၏မြေးဖြစ်သူ ဒိုင်ယာနာကွမ်ဘာကြောင့် အင်တာနက်လူမှုကွန်ရက်များထဲ၌ ဖက်ရှင်မယ်အဖြစ် ကျော်ကြားနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကွယ်လွန်သူဖခင်အတွက် ဒုတိယမြောက်နှစ်ပတ်လည် အောက်မေ့ဆုတောင်းပွဲပြုလုပ်ရန် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ဖက်ရှင်ဒီဇိုင်းဆရာမအဖြစ် အလုပ်လုပ်နေသော ကွမ်ဘာဇမ်ဘီယာနိုင်ငံသို့ ယမန်နှစ်က ပြန်ရောက်လာခဲ့သည်။

အဖွားခိုလာနှင့်တွေ့သောအခါ ၄င်းစိတ်ကြိုက်ဒီဇိုင်းရေးဆွဲပြီး ချုပ်လုပ်ထားသည့် ဝတ်စုံများကို ဝတ်စားချင်စိတ်မရှိသဖြင့် အဖွားကိုဝတ်ဆင်စေကာ အမှတ်တရဓာတ်ပုံရိုက်ယူခဲ့သည်။

အာဖရိကကျေးလက်နောက်ခံနှင့် တောက်ပဆန်းပြားသော ဝတ်စုံများကို ဆင်မြန်းသရုပ်ပြခဲ့သော အဖွားခိုလာ၏ ဓာတ်ပုံများကို အင်တာနက်လူမှုကွန်ရက်ပေါ်သို့ ကွမ်ဘာလွှင့်တင်ခဲ့သည်။

ယင်းဓာတ်ပုံများကို လူပေါင်းများစွာဝင်ရောက်ကြည့်ရှုပြီး အားပေးခဲ့ရာမှ မာဂရက်ခိုလာကို သက်ကြီးဖက်ရှင်သရုပ်ပြမယ်တစ်ဦးအဖြစ် ပရိသတ်က အသိအမှတ်ပြုခဲ့ရာ ယခုအခါ၄င်း၏ အင်စတာဂရမ်လူမှုကွန်ရက်တွင် နောက်လိုက်ပေါင်း ၂၂၅၀၀၀ ဦး ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0



## တရုတ်သမ္မတနှင့် တောင်ကိုရီးယားသမ္မတတို့နှစ်ဦး နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံ

**လီမာ နိုဝင်ဘာ ၁၆**

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူလ်းတို့နှစ်ဦး ယမန်နေ့က နှစ်နှစ်အတွင်း ပထမဆုံးအကြိမ် လူချင်းတွေ့ဆုံခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါခေါင်းဆောင်နှစ်ဦးသည် ပီရူးနိုင်ငံလီမာမြို့တွင် ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံတက်ရောက်စဉ် သီးခြားတွေ့ဆုံခဲ့ခြင်းဖြစ်သည်။

မိမိတို့နှစ်နိုင်ငံအနေဖြင့် ဒေသဆိုင်ရာအေးချမ်းတည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ကြောင်း တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်က ပြောကြားခဲ့သည်။

တရုတ်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံအကြားတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လုပ်ဆောင်သွားမည်ဟု တရုတ်သမ္မတရှီကျင့်ဖျင်ကလည်း ပြောကြားကြောင်း သိရသည်။

**Mon**

## လက်တင်အမေရိကနှင့် တရုတ်နိုင်ငံအကြား ပီရူးနိုင်ငံချန်ဆေးဆိပ်ကမ်းမှ ကုန်သွယ်နိုင်မည်

**လီမာ နိုဝင်ဘာ ၁၆**

ပီရူးနိုင်ငံ ချန်ဆေးဆိပ်ကမ်းကို မကြာသေးမီက ဖွင့်လှစ်လိုက်ပြီဖြစ်ရာ ထိုဆိပ်ကမ်းမှတစ်ဆင့် လက်တင်အမေရိကနှင့်တရုတ်နိုင်ငံအကြား အပြန်အလှန်ကုန်သွယ်နိုင်တော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ချန်ဆေးဆိပ်ကမ်းဖွင့်ပွဲ အခမ်းအနားသို့ ပီရူးနိုင်ငံလီမာမြို့တွင် ကျင်းပသော အာရှ-ပစိဖိတ် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးညီလာခံတက်ရောက်ရန် ရောက်ရှိလာသည့် တရုတ်သမ္မတရှီကျင့်ဖျင် တက်ရောက်ချီးမြှင့်ခဲ့သည်။

ယင်းဆိပ်ကမ်းသည် ဧရာမအာရှဈေးကွက်ကြီးနှင့် ဆက်သွယ်နိုင်သော အချက်အချာနေရာဖြစ်သည်ဟု ပီရူးသမ္မတ ဒီနာဘိုလူအာတေက မှတ်ချက်ချခဲ့ကြောင်း သိရသည်။

**Mon**




## ဟားမတ်စ်ဘက်က အပစ်အခတ်ရပ်စဲရန်အသင့်ရှိသည်ဟု အမေရိကန်အစိုးရထံသို့ ဆက်သွယ်အသိပေးထား

**ဂျေရုဆလင် နိုဝင်ဘာ ၁၆**

မိမိတို့ဘက်က အပစ်အခတ်ရပ်စဲရန်အသင့်ရှိသည်ဟု အမေရိကန်အစိုးရထံသို့ ဆက်သွယ်အသိပေးထားသည်ဟု ဒိုဟာအခြေစိုက်ဟားမတ်စ်အုပ်စု၏ နိုင်ငံရေးအဖွဲ့ပြောခွင့်ရသူ ဘတ်ဆင်မ်နိမ်းက နိုဝင်ဘာ ၁၅ ရက်တွင် အတည်ပြုကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အပစ်အခတ်ရပ်စဲပြီးနောက် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတပ်ဖွဲ့များ ရုပ်သိမ်းပေးပြီးလျှင် စစ်ဘေးရှောင်များ ဇာတိမြို့နှင့် ရပ်ရွာအသီးသီးသို့ ပြန်လည်အခြေချနေထိုင်ခွင့်ရရန် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ စစ်သုံ့ပန်းများ လဲလှယ်ရေး ပြန်လည်ထူထောင်ရေးကိစ္စတို့ကိုလည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း ၄င်းကထည့်သွင်းပြောကြားသည်။

အပစ်အခတ်ရပ်စဲရေးအတွက် ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲအနိုင်ရသူ ဒေါ်နယ်လ်ထရမ့်က အစ္စရေးကိုဖိအားပေးရန် ဟားမတ်စ်အုပ်စုအနေဖြင့် ပန်ကြားထားကြောင်း ဘတ်ဆင်မ်နိမ်းက ဆက်လက်ပြောကြားသည်။

ယင်းပြောကြားချက်များကို အမေရိကန်နှင့်အစ္စရေးဘက်က တုံ့ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

**Mon**



## တောင်ကိုရီးယားအတိုက်အခံခေါင်းဆောင် လီဂျယ်မြောင်ကို ရွေးကောက်ပွဲဥပဒေဖောက်ဖျက်မှုဖြင့် ထောင်ဒဏ်ချမှတ်

**ဆိုးလ် နိုဝင်ဘာ ၁၆**

တောင်ကိုရီးယားနိုင်ငံမှ အတိုက်အခံနိုင်ငံရေးခေါင်းဆောင် ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ လီဂျယ်မြောင်ကို ဆိုးလ်အလယ်ပိုင်းခရိုင်တရားရုံးက ရွေးကောက်ပွဲဥပဒေဖောက်ဖျက်မှုဖြင့် ဆိုင်းငံ့ထောင်ဒဏ်တစ်နှစ်ချမှတ်လိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၂ ခုနှစ်သမ္မတရွေးကောက်ပွဲမတိုင်မီက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ၄င်းဘက်က သတင်းမှားထုတ်လွှင့်ခဲ့ကြောင်းဖော်ထုတ်သိရှိရသဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းဖြစ်သည်။

အဆိုပါတရားရုံး၏ စစ်ဆေးပေါ်ပေါက်ချက်များနှင့်ပတ်သက်၍ စောဒကတက်ကာ ပြင်ဆင်ဆုံးဖြတ်ပေးရန် အထက်ရုံးသို့ မိမိအယူခံဝင်မည်ဖြစ်ကြောင်း လီဂျယ်မြောင်က သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

အကယ်၍လျှောက်လဲချက်ပယ်ချခံရလျှင် ၄င်းအနေဖြင့် ပါလီမန်အမတ်အဖြစ်မှ ဖယ်ရှားခံရကာ ၂၀၂၇ ခုနှစ် သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့် ပိတ်ပင်ခြင်းလည်း ခံရမည်ဖြစ်ကြောင်း သိရသည်။

**Mon**



## မူးယစ်ဆေးဝါးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော



**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၁လမ်း၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ ELC ကိုယ်ပိုင်အထက်တန်းကျောင်းတွင် နိုဝင်ဘာ ၁၂ရက် နံနက် ၉နာရီခွဲက အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို) (AEDA-Mdy) တို့ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါး အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာဟောပြောပွဲကို ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးညွန့်ရွှေက အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မူးယစ်သမိုင်းကြောင်းကို အသင်းတွဲဖက်အတွင်းရေးမှူးဦးသန့်ဇင်ဦးကလည်းကောင်း၊ မူးယစ်ဆေးဝါးအမျိုးအစားနှင့် ဆိုးကျိုးအန္တရာယ်ကိုအသင်းအတွင်းရေးမှူးဦးမြင့်သန်းက လည်းကောင်း အသိပညာဟောပြောကြပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား အသင်းအမှုဆောင် ဦးဝင်းမင်းလှိုင်က မေးခွန်းများမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ပြီး မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ချတ်ဆိုကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၇၀)



## အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခြင်းနှင့်ပတ်သက်၍ သိကောင်းစရာများ ဆွေးနွေး

**ညောင်ဦး နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်းရှိ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များ အသင်းမှလုပ်ငန်းရှင်များအား အွန်လိုင်းမှတစ်ဆင့် ဝယ်ယူခြင်းနှင့်ပတ်သက်၍ သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကို နိုဝင်ဘာ ၁၃ ရက် မွန်းလွဲ ၂ နာရီက ညောင်ဦးခရိုင်စားသုံးသူရေးရာဦးစီးဌာနတွင် ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးက အွန်လိုင်းမှ ဈေးဝယ်ခြင်း၏အားသာချက်၊ အားနည်းချက်များ၊ အွန်လိုင်းရောင်းချခြင်းဖြင့် လိမ်လည်မှုများ အွန်လိုင်းရောင်းချမှုလုပ်ငန်းများနှင့်စပ်လျဉ်းသည့် စိစစ်သင့်သည့်အချက်များကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများ၏ သိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၄၅)

*-*-*-*-*

## တောမီးလောင်ကျွမ်းခြင်းနှင့် မီးခိုးမြူငွေ့ညစ်ညမ်းခြင်းခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပ

**သရက် နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက အမှတ်(၂) အခြေခံအထက်တန်းကျောင်းတွင် တောမီးလောင်ကျွမ်းခြင်းနှင့် မီးခိုးမြူငွေ့ညစ်ညမ်းခြင်းခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၁၃၀ဦးခန့် တက်ရောက်ကြသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှငြိမ်းက တောမီးလောင်ကျွမ်းခြင်းနှင့်မီးခိုးမြူငွေ့များ ခေါင်းစဉ်ဖြင့် ဟောပြောခြင်းနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာများ အကျယ်တဝင့်ဟောပြောပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းများမေးမြန်းကာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား ဗလာစာအုပ်များ ချီးမြှင့်ပေးခဲ့သည်။ ထို့နောက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက မီးခိုးမြူငွေ့ညစ်ညမ်းမှု အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ညောင်ဦး နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ သစ်တောဦးစီးဌာနမှ မြို့နယ်အဆင့် မီးခိုး၊ မြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၄ရက် မွန်းလွဲ ၁နာရီက ညောင်ဦးမြို့နယ်၊ ပျော်ဘွယ်ကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျင်းပရာ ညောင်ဦးမြို့နယ်၊ သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန့်ဇင်က မီးခိုး၊ မြူငွေ့လျှော့ချရေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှော့နည်းရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့နည်းရေးကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များ မေးမြန်းရာ ဦးသန့်ဇင်က ပြန်လည်ဖြေကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(၄၈၁)

*-*-*-*-*

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ပိုင်ဖိုင်ပလပ်ခုံအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွား

**အမရပူရ နိုဝင်ဘာ ၁၆**

မန္တလေး၊ အမရပူရမြို့နယ်၊ အိုးတော်ရပ်ကွက်၊ မိုက်စုတောင်ရပ်မှ (၁၅ ပေ × ပေ၂၀)၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနှစ်ထပ်နေအိမ် အပေါ်ထပ်တွင် ပိုင်ဖိုင်ပလပ်ခုံ အပူလွန်ကဲပြီး နိုဝင်ဘာ ၁၄ ရက် ည ၁၀ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။



မီးလောင်မှုဖြစ်ရာသို့ အမရပူရမြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်မျိုးထက်ဦးစီး၍ သန္တေမီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀ ဦးသည် မီးငြိမ်းသတ်ယာဉ် ၅ စီး၊ မီးသတ်ရေသယ်ယာဉ် ၂ စီး၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအသင်းမှ ရေသယ်ယာဉ် ၁ စီးဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုကြောင့် (၁၅ပေ × ပေ ၂၀)၊ သွပ်မိုးထရံကာ၊ ပျဉ်ခင်း(၂)ထပ်နေအိမ် ၁ လုံး၊ (၁၅ပေ × ပေ၂၀)၊ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း(၂)ထပ်နေအိမ် ၁ လုံးတို့ မီးလောင်ဆုံးရှုံးခဲ့သဖြင့် မီးပေါ့ဆစွာ သုံးစွဲသူအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

(အောက်ဝဲပုံ)

(၀၅၇)

*-*-*-*-*

**ယာဉ်မောင်းစဉ် လက်ကိုင်ဖုန်းမပြောရ။**

## ဘားအံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၆**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ဘားအံမြို့နယ်၊ နောင်ထီလားကျေးရွာနေ နန်းမြညွှန့်ဆိုသူ၏နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဒေါ်နန်းမြညွှန့်(၆၄)နှစ်ဆိုသူအား အိန္ဒုနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၁၆

တောင်ကြီးမြို့၌ ၂၀၂၄ ခုနှစ် (၇၄) ကြိမ်မြောက် တန်ဆောင်တိုင် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အဝေယာ ကုန်းသာယာကွင်း၌ နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ နေ့/ညမီးပုံးပျံပြိုင်ပွဲများ၊ မီးပဒေသာ လှည့်လည်ပြိုင်ပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ၊ ဈေးပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲတော်များ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။


တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲတော်သည် မြန်မာသက္ကရာဇ် ၁၃၀၂ ခုနှစ် ခရစ်နှစ်သက္ကရာဇ် ၁၉၄၁ ခုနှစ် တန်ဆောင်မုန်းလတွင် ကုန်းသာကျောင်းဆရာတော်မှဦးစီး၍ အချင်းပေ ၅၀ ခန့်ရှိသည့် မီးပုံးပျံကြီးကို ပြုလုပ်လွှတ်တင်ခြင်းမှ စတင်ခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် ပထမဆုံး မီးပုံးပျံပြိုင်ပွဲအဖြစ် ဆုများရွေးချယ်ချီးမြှင့်ကာ ပြိုင်ပွဲအသွင်ဖြင့် နှစ်စဉ်ကျင်းပလာခဲ့ကြောင်း သိရသည်။

ထိုသို့ ကျင်းပလျက်ရှိရာတွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်တာ ကာလအတွင်း စိန်နားပန်မီးပုံးပျံ ၁၆ လုံး၊ ညမီးကြီး မီးပုံးပျံ ၁၇ လုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ ၁၃၉ လုံး စုစုပေါင်း မီးပုံးပျံ ၁၇၂ လုံး လွှတ်တင်ပူဇော်ယှဉ်ပြိုင်ခဲ့ပြီး ကျန်ရှိသည့် စိန်နားပန်မီးပုံးပျံ ခြောက်လုံး၊ ညမီးကြီး မီးပုံးပျံ ကိုးလုံး၊ နေ့လွှတ်အရုပ်မီးပုံးပျံ အလုံး ၇၀ စုစုပေါင်း မီးပုံးပျံ ၈၅ လုံးကို နိုဝင်ဘာ ၁၇ ရက်အထိ လွှတ်တင်ပူဇော် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် ပဉ္စမနေ့တွင် နေ့လွှတ်အရုပ်မီးပုံးပျံများ လွှတ်တင်ယှဉ်ပြိုင်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။



## မတ်ပဲနှင့် ပဲစင်းငုံဈေး ဆက်တိုက်ကျဆင်းလာ

မန္တလေး နိုဝင်ဘာ ၁၆

နိုင်ငံခြားငွေလဲလှယ်နှုန်းကျဆင်းချိန်နှင့် အိန္ဒိယဝယ်လိုအားနည်းနေသည့်အတွက် မတ်ပဲနှင့် ပဲစင်းငုံဈေး ဆက်တိုက်ကျဆင်းလာကြောင်း ပဲဈေးကွက်အတွင်းမှ သိရသည်။ **(အပေါ်ပုံ)**

မတ်ပဲနှင့် ပဲစင်းငုံသည် အိန္ဒိယမှ အဓိကဝယ်ယူခြင်းဖြစ်ပြီး ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေး ဆက်တိုက်ပြန်ကျလာခြင်းကြောင့် ပို့ကုန် ပဲဈေးကွက်အပေါ် သက်ရောက်မှုရှိနေခြင်းဖြစ်သည်။

အောက်တိုဘာ နောက်ဆုံးပတ်တွင် တစ်တန်လျှင် ငွေကျပ် ၃၈ သိန်းကျော်တက်ခဲ့သည့် မတ်ပဲဈေးသည် နိုဝင်ဘာ ၁၃ ရက်တွင် တစ်တန်လျှင် ငွေကျပ် ၃၅ သိန်း ၇ သောင်းအထိ ပြန်ကျလာသည်။

အလားတူ ပဲစင်းငုံဈေးသည်လည်း တစ်တန်လျှင် ငွေကျပ် ၄၃ သိန်း ၁သောင်းအထက်အထိ ရောက်ခဲ့ပြီးနောက် ဒေါ်လာဈေးနှင့်အတူ ပြန်ကျလာခဲ့ရာ လက်ရှိတွင် တစ်တန်ကို ငွေကျပ် ၃၈ သိန်း ၇ သောင်းဝန်းကျင်သာ ရှိတော့သည်။

လက်ရှိ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ (၇)လအတွင်း မြန်မာနိုင်ငံမှ ပြည်ပသို့ ပဲမျိုးစုံ စုစုပေါင်း တန်ချိန် ၂ ဒသမ ၉၈ သန်း တင်ပို့ထားပြီး မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသည့် ပဲမျိုးစုံကို အိန္ဒိယနှင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။ **(ရွှေမန်း)**

## ပွင့်ဖြူမြို့နယ်၌ မိုးစပါးနှင့် အခြားမိုးသီးနှံ အထွက်နှုန်းကောင်းမွန်ရေးအတွက် မဲဇလီရေလွှဲဆည်မှ သီးနှံအောင်ရေများ အလုံအလောက် ဖြန့်ဝေပေးလျက်ရှိ

ပွင့်ဖြူ နိုဝင်ဘာ ၁၆

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ဒေသခံတောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် စိုက်ပျိုးထားရှိသော မိုးစပါးနှင့် အခြားမိုးသီးနှံ စိုက်ခင်းများ သီးနှံအထွက်နှုန်း ကောင်းမွန်စေရန် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် သီးနှံအောင်ရေများ အပြည့်အဝရယူသုံးစွဲနိုင်ရန် စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံစေရန်နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်ပြီးတော့ ဒေသခံတောင်သူတွေက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး မိုးစပါးနှင့် အခြားမိုးသီးနှံ စုစုပေါင်း ၁၂၈၆၃၃ ဧက စိုက်ပျိုးဆောင်ရွက်ပါတယ်။ ဒီနှစ်မှာ မိုးရွာသွန်းမှုကလည်း ကောင်းခဲ့လို့ တောင်သူတွေ အားထားစိုက်ပျိုးတဲ့ မိုးသီးနှံစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်။ ကျွန်တော်တို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကလည်း တောင်သူတွေစိုက်ပျိုးထားတဲ့ မိုးစပါးအပါအဝင် အခြားမိုးသီးနှံစိုက်ခင်းတွေကို သီးနှံအထွက်နှုန်းများ ကောင်းမွန်ဖို့အတွက် မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနဲ့ မြောက်မုန်းမြောင်းမကြီးတို့မှ တစ်ဆင့် သီးနှံအောင်ရေ အပြည့်အဝရရှိအောင် စနစ်တကျ ဖြန့်ဝေဆောင်ရွက်ပေးထားပါတယ်။ နောက်ပြီး ဆည်ရေ လေလွင့်ဆုံးရှုံးမှု မဖြစ်စေဖို့အတွက် ကျေးရွာတွေမှာ ဖွဲ့စည်းထားတဲ့ ရေအသုံးချသူများ အဖွဲ့များနဲ့ ပူးပေါင်းပြီး တောင်သူတွေကို သီးနှံအောင်ရေ စနစ်တကျရယူသုံးစွဲတတ်အောင် ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု ပွင့်ဖြူမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်းက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် နှစ်စဉ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မဲဇလီရေလွှဲဆည်ရေကို အမှီပြု၍ စပါး၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲတီစိမ်း၊ ပဲကြီး၊ ပဲစင်းငုံ၊ ဖူးစားပြောင်း၊ နှံစားပြောင်း စသည့် သီးနှံများကို စီးပွားဖြစ် အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ထိုသို့ စိုက်ပျိုးရာ၌ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက မဲဇလီရေလွှဲဆည်မှ ဆည်ရေများကို တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးတို့မှတစ်ဆင့် စိုက်ပျိုးရေနှင့် သီးနှံအောင်ရေ အပြည့်အဝ ရယူသုံးစွဲနိုင်အောင် စနစ်တကျ ဖြန့်ဖြူးပေးဝေသဖြင့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၄၅)**



# နိုင်ငံတကာ အားကစား သတင်းများ

## ဟယ်ရီကိန်းနှင့် မူဆီယာလာတို့အား စာချုပ်သက်တမ်းတိုးရန် ဘိုင်ယန်မြူးနစ်အသင်း စီစဉ်



**မြူးနစ် နိုဝင်ဘာ ၁၆**

ဘိုင်ယန်မြူးနစ်အသင်းသည် အသင်းအဓိက ကစားသမားများ ဖြစ်သော ဟယ်ရီကိန်းနှင့် မူဆီယာလာတို့အား စာချုပ်သက်တမ်း တိုးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ကစားသမားနှစ်ဦးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ဘိုင်ယန်မြူးနစ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၆၁ပွဲကစားပြီး ၆၁ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားသလို၊ တောင်ပံကစားသမား မူဆီယာလာသည်လည်း ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၇၇ပွဲကစားပြီး ၅၂ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဘိုင်ယန်မြူးနစ်အသင်းထုတ်ပြန်ချက်တွင် "ဟယ်ရီကိန်းနှင့် မူဆီယာလာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## 2024 Nitto ATP Finals ဆီမီးဖိုင်နယ်အဆင့်သို့ Alexander Zverev တက်ရောက်



**တူရင် နိုဝင်ဘာ ၁၆**

အီတလီနိုင်ငံ၊ တူရင်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev သည် 2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် စပိန်တင်းနစ်ကစားသမား Carlos Alcaraz အား ၇-၆၊ ၆-၄ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Nitto Atp finals တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် အမေရိကန်တင်းနစ်ကစားသမား Taylor Fritz တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ချာကီ ဆောင်းရာသီဈေးကွက်အတွင်း လိုင်ယွန်အသင်းမှ ထွက်ခွာမည်

**ပါရီ နိုဝင်ဘာ ၁၆**

တောင်ပံကစားသမား ချာကီ လာမည့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် လိုင်ယွန်အသင်းမှ ထွက်ခွာသွားတော့မည်ဖြစ်ကြောင်း သတင်းများက ဖော် ပြခဲ့သည်။

အသက်(၂၁)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ရီးရဲလ်မက်ဒရစ်၊ လီဗာပူး၊ ပီအက်စ်ဂျီအသင်းတို့က အပြိုင်ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

တောင်ပံကစားသမား ချာကီကိုယ်တိုင်ကလည်း လိုင်ယွန်အသင်း၏ ဘဏ္ဍာရေးအခြေအနေအခက်အခဲနှင့်ရင်ဆိုင်ရခြင်းကြောင့် အသင်းမှ ထွက်ခွာရန် စီစဉ်လာခြင်းဖြစ်သည်။

ချာကီသည် လိုင်ယွန်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၂ ပွဲ ကစားပြီး ဂိုး ၂၀ သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်၊ လီဗာပူး၊ ပီအက်စ်ဂျီအသင်းတို့ လိုင်ယွန်အသင်းမှ ထွက်ခွာမည်ဖြစ်သော ချာကီအား မည်သည့်အသင်းက ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ) (NGB)**



## ဘာတူရီနာအား ခေါ်ယူရန် မန်ချက်စတာယူနိုက်တက်အသင်း စီစဉ်



**လန်ဒန် နိုဝင်ဘာ ၁၆**

မန်ချက်စတာယူနိုက်တက်အသင်းသည် ဒိုင်နမိုဇာဂရက်အသင်း ကွင်းလယ်ကစားသမား ဘာတူရီနာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဒိုင်နမိုဇာဂရက်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၃၂ပွဲကစားပြီး ၁၈ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဒိုင်နမိုဇာဂရက်အသင်းကလည်း ဘာတူရီနာအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချသွားဖွယ်ရှိနေသည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ဒိုင်နမိုဇာဂရက်အသင်းထံမှ ဘာတူရီနာအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ) (NGB)**

## ပေါ့ဂ်ဘာ ဂျူဗင်တပ်အသင်းနှင့် စာချုပ်ဖျက်သိမ်းရန် သဘောတူညီမှု ရရှိ

**တူရင် နိုဝင်ဘာ ၁၆**

ဝါရင့် ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာ ဂျူဗင်တပ်အသင်းနှင့် စာချုပ်ဖျက်သိမ်းရန် သဘောတူညီမှု ရရှိခဲ့ပြီဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ဂျူဗင်တပ်အသင်းမှ လာမည့် နိုဝင်ဘာ ၃၀ ရက်တွင် ထွက်ခွာလာတော့မည်ဖြစ်သည်။

ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲပြီးနောက် အသင်းလက်မဲ့ဖြစ်သွားသော ပေါ့ဂ်ဘာကို ဥရောပကလပ်အသင်းများအပြင်၊ ဆော်ဒီကလပ်အသင်းများစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။



ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာသည် ပြီးခဲ့သည့် ဖေဖော်ဝါရီလကတည်းက တားမြစ်ဆေးသုံးစွဲမှုကြောင့် ၄နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရပြီး အောက်တိုဘာလက အယူခံအောင်မြင်ပြီးနောက် ပွဲပယ်ပြစ်ဒဏ်လျှော့ချနိုင်ခဲ့မှုနှင့်အတူ လာမည့်နှစ်သစ်မှာ ဘောလုံးစတင်ကစားနိုင်တော့မည် ဖြစ်သည်။

ထို့ကြောင့် ဂျူဗင်တပ်အသင်းနှင့် လမ်းခွဲခဲ့သည့် ပေါ့ဂ်အား လာမည့် ၂၀၂၅ခုနှစ်အတွင်း မည်သည့်ကလပ်အသင်းတွင် မြင်တွေ့ရမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ)(NGB)**

## ဘောလုံးသတင်း အတိုအထွာများ

* ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်-ခြေစစ်ပွဲစဉ်)အဖြစ် ယနေ့ နံနက်ပိုင်းက ဥရုဂွေးအသင်းနှင့် ကိုလံဘီယာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဥရုဂွေးအသင်းက ကိုလံဘီယာအသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

* ဘာစီလိုနာအသင်း ကွင်းလယ်ကစားသမားဟောင်း အင်နီယေစတာသည် NSN ကုမ္ပဏီနှင့် ပူးပေါင်း၍ ဒိန်းမတ်ကလပ် အက်ဖ်စီဟယ်လ်ဆင်းဂေါအသင်းအား ဝယ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း တရားဝင် ကြေညာခဲ့သည်။ (NGB)

## ပေါ်တူဂီအသင်းက ပိုလန်အသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ

**လန်ဒန် နိုဝင်ဘာ ၁၆**

ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ပေါ်တူဂီအသင်းနှင့် ပိုလန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပေါ်တူဂီအသင်းက ပိုလန်အသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပေါ်တူဂီအသင်းအတွက် သွင်းဂိုး ငါးဂိုးကို ပွဲချိန် ၅၉ မိနစ်တွင် ရာဖေးလီအို၊ ပွဲချိန် ၇၂ မိနစ်နှင့် ၈၇ မိနစ်တွင် စီရော်နယ်လ်ဒို၊ ပွဲချိန် မိနစ် ၈၀ တွင် ဘရူနိုဖာနန်ဒက်ဇ်၊ ပွဲချိန် ၈၃ မိနစ်တွင် နီတိုတို့က အသီးသီး သွင်းယူပေးခဲ့သည်။

ပေါ်တူဂီအသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ်ဘောလုံးပြိုင်ပွဲအုပ်စုအဆင့် ပွဲစဉ်အဖြစ် လာမည့် နိုဝင်ဘာ ၁၉ ရက်တွင် ခရိုအေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

**(အောက်ပုံ) (NGB)**



### ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဘောလုံးပြိုင်ပွဲ(အုပ်စုအဆင့်) ပွဲစဉ်-(၆) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | လိဂ် | အုပ်စု | ပွဲစဉ် | ပထမအကျော့ရလဒ် |
|---|---|---|---|---|---|
| ၁၇-၁၁-၂၀၂၄ တနင်္ဂနွေနေ့ | ညဧ၁၀နာရီ | C | ၄ | လတ်ဗီးယား - အာမေနီးယား | အာမေနီးယား ၄-၁ လတ်ဗီးယား |
| ။ | ။ | C | ၄ | ဖြောက်မက်ဆီဒိုနီးယား - ဖာရိုးကျွန်းစုများ | ဖာရိုးကျွန်းစုများ ၁-၁ မြောက်မက်ဆီဒိုနီးယား |
| ။ | ည၁၁း၁၀နာရီ | B | ၃ | ဩစတြီးယား - ဆလိုဗေးနီးယား | ဆလိုဗေးနီးယား ၁-၁ ဩစတြီးယား |
| ။ | ။ | B | ၃ | နော်ဝေ - ကာဇက်စတန် | ကာဇက်စတန် ၀-၀ နော်ဝေ |
| ။ | ။ | B | ၂ | အင်္ဂလန် - အိုင်ယာလန် | အိုင်ယာလန် ၀-၂ အင်္ဂလန် |
| ။ | ။ | B | ၂ | ဖင်လန် - ဂရိ | ဂရိနိ ၃-၀ ဖင်လန် |
| ၁၈-၁၁-၂၀၂၄ တနင်္လာနေ့ | နံနက်၀၂း၁၅နာရီ | A | ၂ | အစ္စရေး - ဘယ်လ်ဂျီယံ | ဘယ်လ်ဂျီယံ ၃-၁ အစ္စရေး |
| ။ | ။ | A | ၂ | အီတလီ - ပြင်သစ် | ပြင်သစ် ၁-၃ အီတလီ |

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၇-၁၁-၂၀၂၄ တနင်္ဂနွေနေ့ | ညနေ ၇း၀၀ နာရီ | ထိုင်း - လာအို |

## ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)နှင့် ကြက်သွန်နီသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာသင်တန်း ဖွင့်လှစ်ပို့ချ



**မိတ္ထီလာ နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး အတွင်း ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)နှင့် ကြက်သွန်နီသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာ သင်တန်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက မိတ္ထီလာခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနရှိ သင်တန်းခန်းမတွင် ဖွင့်လှစ်ပို့ချခဲ့သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းထိန်က တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)နှင့် ကြက်သွန်နီသီးနှံ အထွက်နှုန်းတိုးတက်ရေးဝန်ထမ်းများမှ နည်းပညာများကို စိုက်ပျိုးရေးတောင်သူများသို့ စနစ်တကျ ဖြန့်ဝေပေးနိုင်ရေးအတွက် ယခုလို သင်တန်းများ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ သင်တန်းမှ ရရှိလာသော နည်းပညာများအား မိမိတာဝန်ကျ ကျေးရွာအုပ်စုများရှိ တောင်သူများထံ နည်းပညာများ ပြန့်ပွားရေး ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မိတ္ထီလာခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းက ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)နှင့် ကြက်သွန်နီသီးနှံ အထွက်နှုန်းတိုးတက်ရေးနှင့်ပတ်သက်၍ လက်ရှိ စိုက်ပျိုးထုတ်လုပ်မှုများနှင့် အဓိကပြုပြင်လိုက်နာဆောင်ရွက်ရမည့်နည်းပညာများကို ရှင်းလင်းပြောကြားခဲ့ပြီး မိတ္ထီလာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ)နှင့် ကြက်သွန်နီသီးနှံ အထွက်နှုန်းတိုးတက်ရေးနှင့်ပတ်သက်၍ တွေ့ကြုံနေရသော အခြေအနေများအား ဆွေးနွေးပြီး ပန်းတိုင်အထွက်နှုန်းရရှိရေး ဆက်လက်ဆောင်ရွက်ရမည့် နည်းပညာများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ ဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊နေကြာ)နှင့် ကြက်သွန်နီသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာသင်တန်းကို မိတ္ထီလာခရိုင်၊ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးမိုးငွေက နေကြာအထွက်နှုန်းတိုးတက်ရေးနှင့် စံကွက်ရိတ်သိမ်းနည်းများအား လည်းကောင်း၊ မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်စန္ဒာထွန်းက နှမ်းနှင့် မြေပဲအထွက်နှုန်းတိုးတက်ရေးနှင့် စံကွက်ရိတ်သိမ်းနည်းများအား လည်းကောင်း၊ သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်သင်းမြတ်ခိုင်က ကြက်သွန်နီသီးနှံ အထွက်နှုန်းတိုးတက်ရေးနှင့် စံကွက်ရိတ်သိမ်းနည်းများအား အသီးသီးပို့ချခဲ့ရာ ၄င်းသင်တန်းကို မိတ္ထီလာခရိုင်နှင့် မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များရှိ ခြံ၊ စိုက်ကွင်းများမှ ဝန်ထမ်း ၆၂ ဦး၊ ရမည်းသင်းခရိုင်နှင့် ရမည်းသင်း၊ ပျော်ဘွယ်မြို့နယ်များမှ ခြံဝန်ထမ်း ၂၀ ဦး၊ စုစုပေါင်း ၈၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၆၉)**

## ဆင်ပေါင်ဝဲမြို့၌ တန်ဆောင်မုန်းလပြည့်နေ့ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ



**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၁၆**

တန်ဆောင်မုန်းလပြည့်နေ့တွင် မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် မဏိပဗ္ဗတစေတီတော်ဘုရားကြီးနှင့် မူလဓာတ်တော် စေတီတော်မြတ်ကြီး၌ ညနေပိုင်းတွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ဘုရား၊ စေတီပုထိုးများတွင် တန်ဆောင်မုန်းလပြည့်နေ့၌ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိရာ ဘုရားများတွင် ဆီမီး၊ ရေချမ်း၊ ဘုရားပန်း၊ အမွှေးတိုင် ဆက်ကပ်လှူဒါန်းခြင်းတို့ဖြင့် စည်ကားလျက်ရှိသည်။ အမှတ်(၃)ရပ်ကွက်တွင် တည်ထားကိုးကွယ်တော်မူသော မဏိပဗ္ဗတစေတီတော်ဘုရားကြီးသို့ လာရောက်ဖူးမြော်ကုသိုလ်ယူကြသူများအား အမှတ်(၃)ရပ်ကွက် စေတနာရှင်အလှူရှင်များက မြန်မာ့ရိုးရာ မုန့်ဟင်းခါး စတုဒိသာ ကုသိုလ်ပြုလှူဒါန်းခဲ့သည်။

ထို့အတူ ဆင်ပေါင်ဝဲမြို့နယ် မြို့မဈေးသူ၊ ဈေးသားများနှင့် အလှူရှင်များ၊ မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာများတွင်လည်း စေတနာရှင်၊ အလှူရှင်များ၊ အသင်းအဖွဲ့များမှ မြန်မာ့ရိုးရာ မုန့်ဟင်းခါး၊ ကြာဆံဟင်းခါး၊ ဒံပေါက်စသည့် စားသောက်ဖွယ်ရာမျိုးစုံ လာရောက်ကျွေးမွေးလှူဒါန်းကြရာ မြို့နေပြည်သူများနှင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများ၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ လူကြီး၊ လူငယ်အရွယ်စုံ စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## မန္တလေးဈေးကွက်အတွင်း ရှမ်းပဲပုပ်ဆီများ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ပေါက်ဈေးရှိ

**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေးဈေးကွက်အတွင်းသို့ တောင်ပေါ်ဒေသမှ ထွက်ရှိလာသည့် ရှမ်းပဲပုပ်များ လှိုင်လှိုင် ဝင်ရောက်လာပြီး ဆီကြိတ်ရောင်းချပေးနေရာတွင် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ပေါက်ဈေးရှိကြောင်း မန္တလေးမြို့ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ယခုချိန်တွင် စားသုံးဆီအတွက် ပြည်သူများလိုအပ်နေချိန်တွင် တစ်ဖက်တစ်လမ်းမှ ဝင်ရောက်လာသည့် ရှမ်းပဲပုပ်များကို ဆီအဖြစ် ကြိတ်ခွဲကာ ဈေးကွက်အတွင်းသို့ ရောင်းချပေးနေကြောင်း၊ စားသုံးသူ ပြည်သူများအတွက် ပဲပုပ်ဆီကိုရောင်းချပေးနေရာတွင် ဈေးနှုန်းအသင့်အတင့်ဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ ပေါက်ဈေးနှုန်းဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ စားသုံးသူပြည်သူများအတွက် ပဲပုပ်ဆီကို ရောင်းချပေးနေပါတယ်။ ဒီနှစ်ကအထွက်နှုန်းကောင်းတာကြောင့် ဆီအနေနဲ့ ထုတ်လုပ်ပြီးတော့ စားအုန်းဆီနဲ့တစ်တန်းတည်း ရောင်းချပေးနိုင်နေတာဟာ စားသုံးသူတွေအတွက် သတင်းကောင်းတစ်ခုပါ။ ပဲပုပ်ဆီကို ချက်ပြုတ်စားသောက်ကြတဲ့အပြင် အကြော်ခံဆီအနေနဲ့လည်း အသုံးပြုကြပါတယ်။ ရှမ်းပဲပုပ်ကို ပဲနို့၊ ပဲပြားအနေနဲ့ စားသုံးတဲ့အပြင် ထွက်ရှိလာတဲ့ ပဲဖတ်ကိုလည်း တိရစ္ဆာန်အစာအဖြစ် ရောင်းချတာတွေရဲ့ ဈေးကောင်းရရှိပါတယ်။ ယခုလိုမျိုး လိုအပ်ချက်များရှိနေတဲ့ အချိန်မှာ ပဲပုပ်ဆီများ လှိုင်လှိုင် ဝင်ရောက်လာတာ စားသုံးသူတွေအတွက် ကောင်းတဲ့လက္ခဏာတစ်ရပ် ဖြစ်ပါတယ်။ စားသုံးသူလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းကနေပြီးတော့ ရှမ်းပဲပုပ်ဆီအနေနဲ့ ဖြည့်တင်းပေးနေတာပါ" ဟု ၄င်းက ရှင်းပြသည်။

လက်ရှိအချိန်တွင် မန္တလေးဈေးကွက်အတွင်းသို့ မိုးမိတ်၊ မိုးကောင်း၊ မိုးညင်းစသည့် ဒေသများမှ ထွက်ရှိလာသည့် ရှမ်းပဲပုပ်များ ဝင်ရောက်လာကြောင်း၊ ဝင်ရောက်လာသည့် ပဲပုပ်များကို ဆီအဖြစ်ကြိတ်ခွဲပြီး ဈေးကွက်အတွင်းသို့ ရောင်းချပေးနေကြောင်း၊ မကြာခင်ကာလတွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့မှ ရှမ်းပဲပုပ်များ ဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)(၀၇၃)**



## ရေကြီးနစ်မြုပ်ဒေသများအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ လှူဒါန်းသည့် လယ်ယာထောက်ကူပစ္စည်းများ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၁၆**

ရာဂီမုန်တိုင်းအရှိန်ကြောင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သီးနှံများ ထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးရန်နှင့် ထိခိုက်ဧကများ အထွက်နှုန်းမလျော့နည်းစေရေးအတွက် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ညီနောင်အသင်းအဖွဲ့များ၊ ကုမ္ပဏီများမှ ငွေကျပ်သိန်း ၅၀၀၀ တန်ဖိုးရှိသည့် ထောက်ပံ့ပစ္စည်းများအား တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့သို့ လှူဒါန်းပေးအပ်သည်။




အဆိုပါ လှူဒါန်းငွေများအား နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့အား လွှဲပြောင်းလှူဒါန်းပေးအပ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေအတွက် လှူဒါန်းပေးအပ်ပွဲကို နိုဝင်ဘာ ၁၄ ရက်တွင် ပျဉ်းမနားမြို့နယ်၊ သနပ္ပင်ဆိပ်ကျေးရွာတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

လှူဒါန်းပေးအပ်ပွဲသို့ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ၊ စိုက်ပျိုးရေးဦးစီးဌာန၊ စပါးသီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး၊ နေပြည်တော် တိုင်းစိုက်ပျိုးရေးဦးစီးမှူးနှင့် နေပြည်တော်ကောင်စီဒေသအတွင်း ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မြို့နယ် (၆)မြို့နယ်မှ တောင်သူလယ်သမားများ တက်ရောက်ခဲ့သည်။

အသင်းချုပ်အနေဖြင့် ရေကြီးနစ်မြုပ်ဒေသများအတွက် ထောက်ပံ့လှူဒါန်းငွေကျပ်သိန်း ၅၀၀၀ အပြင် အရင်းမပျောက် မ,တည်ငွေကျပ်သိန်း ၁၂၅၀၀ အားလည်း စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းလျက် ဆက်လက်ထောက်ပံ့ကူညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွှေမန်း**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။



# တန်ဆောင်တိုင်ရုံးပိတ်ရက်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်သော ဆုတောင်းပြည့်မဟာရွှေသိမ်တော်ဘုရားနှင့် တမုတ်ရွှေဂူကြီးဘုရားတို့တွင် တန်ဆောင်တိုင် ရုံးပိတ်ရက်များ၌ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

တမုတ်ရွှေဂူကြီးဘုရားသည် ကျောက်ဆည်မြို့၏ အနောက်ဘက် ၅ မိုင်အကွာ ညောင်ပင်ဓောက် ကျေးရွာအနီးတွင် တည်ရှိပြီး အနော်ရထာမင်းကြီးတည်ထားပူဇော်ခဲ့သော ရှေးဟောင်းအနုပညာလက်ရာများဖြစ်သည့် ပန်းဆွဲဘီလူးများ၊ နံရံအင်္ဂတေပန်းတော့ရုပ်ကြွများ၊ စေတီတော်လေးဘက်မျက်နှာရှိ မုခ်ဦးတံကဲ ကနုတ်ပန်းဒီဇိုင်းများ၊ ခြင်္သေ့ကိုယ်နှစ်ခု မြင်းခေါင်းပုံနှင့် လူခန္ဓာ(အဿမုခိ)ပုံ၊ ဆင်ဦးခေါင်းနှင့် ငှက်ကိုယ်(ဆင်ငှက်)၊ ဗျိုင်းနှစ်ကောင်လည်လိမ်၊ ကြက်ဖ၊ ဆင်၊ သမင်၊ မျောက်၊ မိကျောင်း၊ ငါး စသည့်ပုံများနှင့် အထက်ပစ္စယံအဆင့်ဆင့်၏ မှန်ကွက်များတွင် အင်္ဂတေများဖြင့် ဇာတ်တော်နိပါတ်စဉ်များနှင့် ဇာတ်တော်အမည်ရေးထိုးထားသော ငါးရာ့ငါးဆယ် သရုပ်ဖော်ဖောင်းကြွရုပ်ပုံများ၊ မုခ်ဦးအတွင်း ဉာဏ်တော် ၁၀ ပေရှိ ရုပ်ပွားတော် စသည့် ဆန်းကြယ်သည့် ၁၂ ရာစုခေတ် ပန်းတော့လက်ရာ အနုစိတ်အင်္ဂတေဒီဇိုင်းများနှင့် တမုတ်ရှင်ပင်ရွှေဂူကြီး စေတီတော်မြတ်ကြီးအား ဖူးတွေ့ရမှာဖြစ်ကြောင်းနှင့် ပုဂံခေတ် အေဒီ ၁၁ ရာစုမှ ပင်းယခေတ် အေဒီ ၁၄ ရာစုအတွင်း အနုပညာလက်ရာများ(ရှေးမူလလက်ရာအတိုင်း)တစ်နေရာတည်း အပြည့်အစုံဆုံး လေ့လာသည့် ဘုရားကြီးတစ်ဆူဖြစ်သည်။

မဟာဆုတောင်းပြည့် ရွှေသိမ်တော်ဘုရားသည် ကျောက်ဆည်မြို့မြောက်ဘက် ရန်ကုန်-မန္တလေး ကားလမ်း သင်တောင်းကြီး ကျေးရွာအနီးတွင် တည်ရှိကာ အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့ပြီး ရှင်အရဟံ သိမ်သမုတ်ခဲ့သော ဘုရားတစ်ဆူဖြစ်ကြောင်း အုန်းပွဲ၊ ငှက်ပျောပွဲ ကန်တော့ပွဲများ ပန်းနံ့သာများဖြင့် သစ္စာဆုတောင်းပါက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည့်တို့ အောင်မြင်သည့်အတွက် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၅)

* - * - * - * - *

# သစ်စိမ်းမြေဩဇာစိုက်ပျိုးထည့်သွင်းအသုံးပြုလာစေရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

**အမရပူရ နိုဝင်ဘာ ၁၆**

မန္တလေး၊ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြေဆီလွှာအရည်အသွေးတိုးတက်ကောင်းမွန်စေရန် တောင်သူများ မိမိလယ်ယာမြေတွင် သစ်စိမ်းမြေဩဇာ စိုက်ပျိုးထည့်သွင်းအသုံးပြုလာစေရေးနည်းပညာပေးဆွေးနွေးပွဲကို ဆောက်တောဝကျေးရွာအုပ်စု၊ ဆောက်တောဝ(တောင်)ရွာ ဓမ္မာရုံတွင် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀နာရီတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်ဦးစီးမှူးဒေါက်တာမိုးဆွေရည်က ဆွေးနွေးပွဲကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် တောင်သူများ၏လူမှုစီးပွားဘဝ အရင်းအမြစ်ဖြစ်သော လယ်ယာမြေများ အရည်အသွေး လျော့ကျဆုံးရှုံးမှုမဖြစ်ပေါ်စေရေးအတွက် တောင်သူများနှင့်တွေ့ဆုံ၍ နည်းပညာဆွေးနွေးပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ ဆောက်တောဝကျေးရွာ အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်က ယခုကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများတွေ့ဆုံ၍ နည်းပညာဆွေးနွေးပွဲများ ပြုလုပ်ဆောင်ရွက်ခြင်းအား ကျေးဇူးတင်ဝမ်းမြောက်ကြောင်းနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်စေရန် ဌာနနှင့် အမြဲဆက်သွယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ဒုလက်ထောက်ကြီးကြပ်ရေးမှူး ဦးဝင်းထက်နိုင်က သစ်စိမ်းမြေဩဇာသုံးစွဲရန်လိုအပ်သည့်အကြောင်းရင်း သစ်စိမ်းမြေဩဇာအဖြစ်အသုံးပြုနိုင်သည့် မျိုးများ၊ ပိုက်ဆံလျှော်စိုက်ပျိုးခြင်းနှင့် အကျိုးကျေးဇူးများကို Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ တောင်သူများ စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(ယာပုံ)(၀၈၄)

# ဗီယက်နမ်၏လတ်ဆတ်သော အုန်းသီးများ ပြည်ပဈေးကွက်သစ်များတွင် စားသုံးမှု မြင့်တက်လျက်ရှိ

ဗီယက်နမ်၏လတ်ဆတ်သော အုန်းသီးများမှာ အမေရိကန်၊ တရုတ်နှင့်UK ကဲ့သို့သော ပြည်ပဈေးကွက်များတွင် စားသုံးမှုမြင့်တက်လျက်ရှိပြီး ဗီယက်နမ်သစ်သီးတင်ပို့မှုကဏ္ဍသည် တိုးတက်လာခြင်း ဖြစ်သည်။

ဗီယက်နမ်သည် ကမ္ဘာ့အုန်းသီးဈေးကွက်တွင် စိုက်ခင်းဧရိယာနှင့် ထွက်ရှိမှုတို့တွင် နံပါတ် ၆ နေရာ၌ ရပ်တည်နေသည်။

စိုက်ခင်း ၂၀၀၀၀၀ ဟတ်တာရှိခြင်းနှင့်အတူ ဗီယက်နမ်သည် အုန်းသီး နှစ်စဉ်တန်ချိန် ၂သန်းခန့် ထုတ်လုပ်နိုင်ကြောင်း သိရပါသည်။ ထိုထုတ်လုပ်မှုစွမ်းရည်နှင့်အတူ ဗီယက်နမ်သည် ပြည်ပဈေးကွက် ၁၅ ခုသို့ တန် ၃၀၀၀၀ တင်ပို့လျက်ရှိသည်။

ဗီယက်နမ်အုန်းသီးများကို အနောက်ခြမ်းဈေးကွက်သို့ ၂၀၁၇ ခုနှစ်မှစ၍ တင်ပို့ခဲ့ခြင်းဖြစ်ပြီး Vina T&T ကုမ္ပဏီက ယခင်ထိုင်းအုန်းသီးများကလွှမ်းမိုးထားသည့် အမေရိကန်ဈေးကွက်သို့ ဦးဆောင်ရွေ့ပြေးအနေဖြင့် ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရန်အတွက် ၂၀၁၆ မှစ၍ ညှိနှိုင်းဆွေးနွေးခဲ့ပြီးလတ်တလောတွင် တရုတ်နိုင်ငံက ပို့ကုန်သဘောတူခွင့်ပြုလိုက်ခြင်းကလည်း အခွင့်အလမ်း ပိုမိုရှိလာသည်။

လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော်နှင့်အတူ ပြည်တွင်းထုတ်လုပ်နိုင်အားသည် စားသုံးလိုအား၏ ၁၀ ရာခိုင်နှုန်းသာ ဖြည့်စွမ်းနိုင်သည့်အတွက် တရုတ်နိုင်ငံသည် ကြီးမားသောအလားအလာရှိသည့် ဈေးကွက်ကို ပိုင်ဆိုင်ထားကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန(MARD)၏ဒုတိယဝန်ကြီးဖြစ်သူ Hoang Trung က တရုတ်နိုင်ငံ၏ အုန်းသီးစားသုံးမှုသည် နှစ်စဉ် ၄ ဘီလီယံကျော်ရှိပြီး ၂ ဒသမ ၆ ဘီလီယံခန့်သည် လတ်ဆတ်သော အုန်းသီးများတင်ပို့မှုမှရရှိခဲ့ကြောင်း ဆိုသည်။

တရုတ်နိုင်ငံ၏ ဝယ်လိုအားမြင့်ပြီး ထုတ်လုပ်နိုင်စွမ်းအကန့်အသတ်ရှိနေခြင်းသည် ဗီယက်နမ်အတွက် အခွင့်အလမ်းဖြစ်နေသည်။

MARD ၏အချက်အလက်များအရ လတ်ဆတ်သော အုန်းသီးတင်ပို့မှုသည် ဒူးရင်း၊ နဂါးမောက်သီး၊ ငှက်ပျောသီး၊ သရက်သီးနှင့် ပိန္နဲသီးတို့နောက်တွင် ဗီယက်နမ် ၆ ခုမြောက်ပို့ကုန်ဝင်ငွေအများဆုံး သစ်သီးအမျိုးအစားဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

ရွှေမန်း



# မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေကျပ် ၃၉၂ သိန်း ထုတ်ချေးပေး

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဖော်ဆောင်ရန် အင်္ဂါရပ်များနှင့်ညီသော ကျေးရွာများအား ရွေးချယ်ပြီး အရင်းမပျောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း မ,တည်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ အား ထုတ်ချေးပေးလျက်ကြောင်း သိရှိရပြီး ယမန်နေ့ နံနက်ပိုင်းက သံရွာကျေးရွာအုပ်စု၊ သပြေကုန်းကျေးရွာတွင်(တတိယ) အကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေကျပ် ၃၉၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ သပြေကုန်းကျေးရွာသည် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို အဓိကထားလုပ်ကိုင်ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကျေးရွာနေပြည်သူများနှင့်ဖွဲ့စည်းထားသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီအား ဖွဲ့စည်းပြီး စီမံကိန်းလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင်(တတိယ)အကြိမ်မြောက် ပြန်လည်ထုတ်ချေးပေးခြင်းဖြစ်ကြောင်းနှင့် ချေးငွေများကို စိုက်ပျိုးရေးလုပ်ကိုင်သူ ၆၂ ဦးအား ငွေကျပ် ၂၅၈၅၀၀၀၀၊ မွေးမြူရေးလုပ်ကိုင်သူ ၆၄ ဦးအား ငွေကျပ် ၁၃၃၅၀၀၀၀ စုစုပေါင်း စီမံကိန်းဝင် ၁၂၆ ဦးအား ငွေကျပ် ၃၉၂၀၀၀၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



သပြေကုန်းကျေးရွာတွင် အိမ်ခြေ ၁၂၅ အိမ်၊ အိမ်ထောင်စု ၁၃၀ စု၊ လူဦးရေ ၅၄၅ ဦး နေထိုင်လျက်ရှိကြောင်းနှင့် စီမံကိန်းချေးငွေများထုတ်ချေးပေးခြင်းဖြင့် ကျေးရွာနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူမှုစီးပွားဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

သက်မောင်(ကျောက်ဆည်)

# ပြန် လှည့် ကြည့် ဖြစ် တဲ့ သ က္က ရာဇ် များ (၄၆)

အိမ်မှဖိနပ်လုပ်ငန်း ကူလုပ်ပေး၍ရသော ပိုက်ဆံဖြင့် ပန်းချီဆေးပစ္စည်း၊ စက္ကူ၊ စုတ်တံ၊ ကင်းဗတ်စ်များ ဝယ်ပြီး၍ ဆီဆေးပန်းချီရေးဆွဲချင်သောကြောင့် ဘုရားကြီးမြောက်မုခ်မှန်ဆိုင်မှ ကျွန်းသားဖြင့် ခွေထားသည့် ၁ ပေခွဲ၊ ၂ ပေခွဲ ပေါင်များ ဝယ်သည်။ ထိုအသားပေါင်များကို (ပိတ်စအထူ) ကင်းဗတ်စ်ကို ဖိနပ်ရိုက်သံဖြင့် ရိုက်ပြီး ပေါင်ကျပ်သည်။

ပေါင်ကျပ်ပြီးသည်နှင့် ပန်းချီတန်းဆွဲလို့မရပါ။ ပိတ်စ၊ ကင်းဗတ်စ်ကို အောက်ခံဆေး အဖြူရောင် (သို့မဟုတ်) အပြာနု၊ မီးခိုးနု ကိုယ်ကြိုက်နှစ်သက်ရာ အရောင်ကို ပထမဦးစွာသုတ်ခြယ်ရပါမည်။ ခံဆေးအဖြစ် အကောင်းဆုံးဆေးအမျိုးအစား (Plastic Paint) ပလတ်စတစ်ပိန့်(ခေါ်)ရေဆေး မပျစ်မကျဲ သုတ်ရမည်။

ယင်းခံဆေးမှာ ချက်ချင်းခြောက်သွေ့လွယ်ပြီး ပိတ်သားတစ်ဖက်ကို ဆေးရောင်မထိုးဖောက်နိုင်ဘဲ တင်းတင်းရင်းရင်းဖြစ်နေပြီး ပန်းချီဆွဲရန် အကောင်း ဆုံးဖြစ်လေသည်။ ဤနေရာမှာ ခံဆေးကို သဘော်ဆေးသုတ်၍ မရပါ။ အကြောင်းမှာ ဆေးတော်တော်နှင့် မခြောက်သောကြောင့် ဖြစ်သည်။ အထပ်သား(သုံးထပ်သား၊ငါးထပ်သား)၊ သံပြား စသည်တို့အပေါ် ပန်းချီဆွဲလျှင်လည်း ပလတ်စတစ်ပိန့် (သို့မဟုတ်) (Red Outside) နီညိုရောင်သဘော်ကိုယ်ထည်သုတ်သည့် ဆေးမျိုးသုတ်လျှင်လည်း ရပါသည်။ ယင်းဆေးသည်လည်း အခြောက်မြန်ပြီး သံပြားကို သံချေးတက်ခြင်းမှ ကာကွယ်ပြီး အပေါ်ဆီဆေးကို စွဲမြဲနိုင်ခဲ့စေသည်။

ကျွန်တော့် အဘိုး ဦးစံမြနီပါတ် ဆီဆေးပန်းချီကားများရေးရာတွင် သံပြားပေါ် အများဆုံးရေးရသဖြင့် ခံဆေးအနေဖြင့် (Red Outside) နီညိုရောင်ဆေးသုတ်ရသည်ကို မြင်တွေ့နေရ၍ ဆီဆေးပန်းချီကားရေးလျှင် ပန်းချီကားအောက်ခံဆေးသည် အလွန်အရေးကြီးကြောင်း အဘိုး ဦးစံမြက ပြောပြသည်။

ဆီဆေးပန်းချီကားသည် အချိန် လနှင့်ချီ၍ ကြာတတ်သည်။ ရေးဆွဲသော ဆေးများနှင့် ငါးကြီးဆီ၊ တာပင်တိုင် စသည်တို့ ဆေးပျော်ဝင်ရန် ရောစပ်၍ ရေးရသည်။ ဆီဆေးနှင့် ရောစပ်ထားသော ငါးကြီးဆီ၊ တာပင်တိုင်တို့မှာ ချက်ချင်းမခြောက် နောက်ရက်မှ ခြောက်သည်။ ယင်းဆေးခြောက်သွားမှ ၄င်းဆေးရောင်အပေါ် နောက်ထပ် ဆေးရောင်တစ်ရောင် ပြန်တင်ပြီး ပန်းချီဆွဲရသည်။ ယင်းသို့ အထပ်ထပ်အခါခါ အချိန်ပေးရေးဆွဲရသောကြောင့် ပန်းချီကားဆွဲပြီးချိန်မှာ အနည်းဆုံး ၁ လ၊ ၂ လခန့် ကြာမြင့်ခြင်း ဖြစ်လေသည်။

ယခုအခါ ပန်းချီဆေးများ နည်းပညာမြင့်မားလာသောကြောင့် အချိန်ကြာကြာ ဆွဲရမည့် ဆီဆေးပန်းချီကားအစား (AC) (ခေါ်) အခရိုင်လစ်ဆေးများ ပေါ်လာသောကြောင့် ပန်းချီကားကို လနှင့်ချီ၍ အချိန်ပေးဆွဲစရာမလိုတော့ချေ။ အခရိုင်လစ်ပန်းချီကားသည်လည်း ဆီဆေးပန်းချီကားအတိုင်း အရသာရှိရှိ ခံစားလို့ရသည်။ ဆီဆေးထက် ဆေးရောင်မှာ လွန်စွာတောက်လွန်းသည်။ အရောင်တွေလျှံပြီး ပျံထွက်နေသည်။ ပန်းချီကား မြန်မြန်ပြီးချင်သူများအဖို့ အဆင်ပြေလှသည်။

သို့သော် တစ်ခုဂရုစိုက်ရေးဆွဲရမည်မှာ ဆေးအခြောက်မြန်လွန်းသောကြောင့် ဆုံးဖြတ်ချက်ကို ပိုင်နိုင်စွာချပြီး အမြန်ဆုံးလက်စသတ် ရေးဆွဲဖို့တော့ လိုသည်။

ရေဆေးပန်းချီကတော့ ဆီဆေးလိုမဟုတ်ချေ။ ပုံဆွဲစက္ကူပေါ် ဘာခံဆေးမှ မသုတ်ဘဲ ဆေးရောင် တိုက်ရိုက်တင်ပြီး ရေနှင့်မျှော ရေးဆွဲလို့ရသည်။ ရုတ်တရက်ကြည့်လျှင်တော့ လွယ်ကူသည်ဟု ဆိုရပေမည်။ အမှန်အားဖြင့် ရေဆေးရေးဆွဲခြင်းသည် ဆီဆေးရေးဆွဲခြင်းထက် ပို၍ ခက်ခဲကာ ပို၍ပညာပါလေသည်။


ရေးဆွဲသည့် စက္ကူအမျိုးအစား ဆေး၊ စုတ်တံတို့ ရေအချိန်အဆ ကျွမ်းကျင်တတ်မြောက်ဖို့ လိုပါသည်။ သို့မှသာ ရေဆေးပန်းချီကားကောင်း ကောင်းရမည် ဖြစ်သည်။ ဆေးနှင့်ရေ အချိန်အဆ မကျွမ်းကျင်ဘဲ ထပ်ခါတလဲလဲ ပြန်ပြန်ရေးဆွဲနေရလျှင် ထိုပန်းချီကား သေချာပေါက် ပျက်စီးလေတော့သည်။

ထို့ကြောင့် ပန်းချီဆရာအတော်များများက ရေဆေးရေးဆွဲရန် ကြောက်ရွံ့ကြပါသည်။ ဆီဆေးမှာ ထိုသို့မဟုတ် ကိုယ်ဆွဲထားသော ပန်းချီ မကြိုက်သေးသရွေ့ ဆေးရောင်ထပ်ခါ ထပ်ခါ တင်ပြီး ရေးဆွဲနိုင်လေသည်။ ဤသည်မှာ ဆီဆေး၏ အားသာချက် ဖြစ်သည်။

အားနည်းချက်မှာ ကုန်ကျစရိတ် အရင်းအနှီးများခြင်း၊ အချိန်အတော်ကြာပေးရခြင်းကြောင့် တချို့ပန်းချီဆရာများဟာ ဆီဆေးကိုမဆွဲဘဲ ရေဆေးကိုသာ အမိုက်ခံရေးဆွဲကြလေသည်။

ကျွန်တော်က ရေဆေးရေးဆွဲခြင်းကို ခုံမင်သကဲ့သို့ ဆီဆေးရေးဆွဲရခြင်းကိုလည်း သဘောကျ နှစ်ခြိုက်မိသည်။ ပန်းချီဆေးပစ္စည်းတွေအစုံရှိသဖြင့် ကဗျာရေးခြင်းကို ခဏနားပြီး ပန်းချီကားများ ဆွဲဖြစ်နေပါသည်။ ရေဆေးကား အများဆုံးရေးဆွဲဖြစ်ပြီး ဆီဆေး ငါးကား၊ ခြောက်ကားမျှသာ ရေးဆွဲဖြစ်သည်။

ပထမဦးဆုံး မိမိပုံတူ Portrait ကို စရေးဖြစ်သည်။ ၁ ပေပတ်လည်ရှိ ကားအသေး ဖြစ်



သည်။ ယင်းပန်းချီကားမှာ ကျွန်တော်ထံမရှိတော့ပါ။ သူငယ်ချင်းကာတွန်းဆရာတစ်ဦးကို လက်ဆောင်ပေးလိုက်ပါသည်။ ဒုတိယဆွဲဖြစ်သော ဆီဆေးပန်းချီကားမှာ ပီကာဆိုရေးဟန်လွှမ်းသော ကျူးဗစ်ဇင်းဖြင့် ရေးဆွဲထားသည့် ဂစ်တာတီးနေသော လူငယ်တစ်ဦးပုံ ဖြစ်သည်။ ယင်းပန်းချီကားမှာ ဆိုဒ်လတ်ဖြစ်သည်။ ၂ ပေခွဲ၊ ၃ ပေဆိုဒ် ဖြစ်သည်။ ယင်းပန်းချီကားလည်း ကျွန်တော့်ဆီ ကြာကြာမနေလိုက်ရဘဲ သူငယ်ချင်း ကဗျာဆရာ မောင်ယဉ်နိုင် (မုံရွာ)က ဧည့်ခန်းနံရံမှ အတင်းဖြုတ်၍ ယူသွားသည်။

နောက်ထပ်ရေးဖြစ်သော ဆီဆေးပန်းချီကားများမှာ ၁ ပေခွဲပတ်လည်ဆိုဒ်ဖြစ်သော ရှမ်းပြည်နယ်၊ အင်းလေးကန်ရေပြင်ပေါ်တွင် လှေကို ခြေထောက်ဖြင့် လှော်ခတ်နေသော ရှမ်းတောင်သူတစ်ဦးပုံနှင့် အညာဒေသလယ်ကွင်းပြင်တွင် ကောက်စိုက်နေသော တောင်သူနှစ်ဦး၏ ဘဝကို သရုပ်ဖော် ရေးဆွဲထားခြင်း ဖြစ်သည်။ ယင်းပန်းချီကားနှစ်ကားစလုံး ကျွန်တော့်ဆီမှာ ရှိနေပါသေးသည်။

နောက်ထပ် ၂ ပေခွဲ၊ ၃ ပေဆိုဒ်ကြီး ဆီဆေးကားတစ်ကားလည်း ဆွဲဖြစ်သေးသည်။ ရှေးဟောင်းပုဂံဘုရားအတွင်းမှနေ၍ အပြင်ဘက်မှ ဝင်လာသောအလင်းရောင်ကို ဖမ်းဆုပ်ရေးဆွဲထားသော ပန်းချီကား ဖြစ်သည်။ ယင်းပန်းချီကားရေးဆွဲအပြီး ကဗျာတစ်ပုဒ်ကိုလည်း ရေးဖွဲ့နိုင်ခဲ့သည်။ ကဗျာနှင့် ပန်းချီ တစ်နေ့တည်း ရေးဆွဲပြီးခဲ့သည့်အတွက် ထိုနေ့ကို ကျွန်တော် အမြဲတမ်း အမှတ်ရနေမိသည်။ ထိုနေ့ မှာ (၂၆-၁-၁၉၉၁)ရက် ဖြစ်သည်။ ပန်းချီကားအမည်မှာ 'ထွက်ပေါက်' ဖြစ်ပြီး ကဗျာမှာ 'အရောင်ရဲ့ ခြေသံများ' ဖြစ်သည်။

## အရောင်ရဲ့ ခြေသံများ

* ဟောဒီ ကမ္ဘာကြီးမှာ
ဝါ၊ နီ၊ ပြာသာ မရှိရင်
အရုပ်ဆိုး
အကျည်းတန်မည်ပင် ။

* ဂေါ်ဂင်၊ ဗန်ဂိုး
ခင်ဗျားတို့ ဆိုးခဲ့တဲ့အရောင်
ကောင်းကင်မှာ
တောက်လောင်နေပြီ ။

* ဆေးသားထူပျစ်ပျစ်နဲ့
သန့်ရှင်းတဲ့အချစ်ကို
ဖော်ကျူးတဲ့အခါ
ပန်းပွင့်တွေ
အလန့်တကြား ဖူးကုန်ကြတယ် ။

* ဟိုမှာ
တိမ်မျှင်တွေ
လွင့်မျောလာနေပုံက
ဆာဟာရမှာ မုန်တိုင်းကျသလိုမျိုး
ပန်းချီကားပေါင်တွေ ကျိုးခဲ့ပြီ ။

* ခေတ်ပြိုင်ခံစားမှုနဲ့
အရောင်ရဲ့ အပြုစားခံရခြင်းဟာ
စက်ကြိုးမဲ့ မြင်းရိုင်းတွေလို
(ဦးတည်ရာမဲ့)
ထိုးဖောက်ကဆုန် စိုင်းကြမယ် ။

* ငါ ------
အသက်ပါတဲ့ ပန်းချီကားချပ်ရှေ့မှာ
ကျောက်ချလို့
ရှုတတ ဆေးရောင်တွေရဲ့စကားကို
နားထောင်နေမိတယ် ။

* အဲဒီထဲမှာ
မှန်ကွဲ မှန်စနဲ့
သစင် သစ်ခွတွေ ရှိတယ် ။

* အဲဒီထဲမှာ
မေတ္တာပင်လယ်နဲ့
ရွက်လွှင့်နေတဲ့ လမင်း ရှိတယ် ။

* အဲဒီထဲမှာ
အမြင့်ပျံငှက်နဲ့
ကောင်းကင်လျှပ်စီးလပ်တာတွေ
ရှိတယ် ။

* အဆုံးသတ်လိုက်တော့
အဲဒီထဲမှာ
ကမ္ဘာကြီးတစ်ခုလုံး ကျုံ့ဝင်ပိပြားလို့
သဘာဝတရားကို
အောင်ပွဲခံလိုက်တာ
အရောင်ရဲ့ ခြေသံများပဲပေါ့ ။ ။

သွယ်အောင် (၂၆-၁-၁၉၉၁)

ကဗျာရေးပြီး နောက်တစ်နေ့မှာ မဟောသီရုပ်စုံမဂ္ဂဇင်းတိုက်ကို လှမ်းပို့လိုက်ရာ ရွေးချယ်ထားသော ကဗျာစာရင်းတွင် ဖော်ပြပါရှိခဲ့လေသည်။

**သွယ်အောင်**



# ရုပ်ရှင်ကဏ္ဍ

## စာရိတ္တ -၂




ရုပ်ရှင်ချစ်ပရိတ်သတ်များကို ဒီတစ်ပတ်မှာတော့ အက်ရှင်ဇာတ်ကြမ်းကားကိုမှ နှစ်သက်သူတွေအတွက် 'စာရိတ္တ-၂' ရုပ်ရှင်ကားကြီးကို ပြသနေပါပြီ။

'စာရိတ္တ-၂' ရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်လမ်း၊ ဇာတ်ညွှန်း-ဒီဒီထက်အောင်၊ ဒါရိုက်တာ-စိုးမိုးမင်း၊ The Ray Film Production ရုပ်ရှင်ထုတ်လုပ်ရေးတို့က ရိုက်ကူးပုံဖော်ထားပြီး ရုပ်ရှင်သရုပ်ဆောင် နေဝင်း၊ ကောင်းမြတ်စံ၊ မင်းဘုန်းမြတ်၊ ချာလီ၊ တေဇလင်းရောင်၊ မေမြင့်မိုရ်၊ ဝေလာရီ၊ ထွန်းပုလဲရတနာ၊ ဥညြသံသာ၊ လှနုထွန်း တို့က ပါဝင်သရုပ်ထားပြီး အခြားနာမည်ကြီးဟာသ သရုပ်ဆောင်များစွာနဲ့အတူ အက်ရှင်ဇာတ်ဝင်ခန်းတွေကို ရသမြောက်အောင် ရိုက်ကူးတင်ဆက်ထားပါတယ်။

၂၀၂၃ ခုနှစ်မှာ 'စာရိတ္တ' ရုပ်ရှင်ဇာတ်ကားကြီးထွက်ရှိခဲ့ပြီး 'မျိုးကျော်'အဖြစ် ပါဝင်သရုပ်ဆောင်ထားတဲ့ နေဝင်းရဲ့ ပီပြင်တဲ့ သရုပ်ဆောင်ချက်တွေကြောင့် ပရိသတ်အားပေးမှု အများအပြားရရှိခဲ့ပြီး အဲ့ဒီဇာတ်ကားရဲ့အဆက်ဖြစ်တဲ့ 'စာရိတ္တ-၂' ရုပ်ရှင်ဇာတ်ကားကြီးမှာလည်း နေဝင်းနဲ့အတူ ပါဝင်သရုပ်ဆောင်ထားတဲ့ သရုပ်ဆောင်တွေရဲ့ လူငယ်ဆန်ဆန် ခပ်ဆိုးဆိုးမိုက်မိုက် သရုပ်ဆောင်ချက်တွေကို ကြည့်ရှုရမှာ ဖြစ်ပါတယ်။

'စာရိတ္တ-၂' ရုပ်ရှင် ဇာတ်ကားကြီးကို ကြည့်ရှုချင်ရင်တော့ မန္တလေးမြို့မှာဆိုရင်တော့ Win Light Cinema, Mingalar MasoeyeComplex , Mingalar Central Point, Mingalar Cinema Yama(Amarapura) ရုပ်ရှင်ရုံတွေမှာ သွားရောက်ကြည့်ရှုနိုင်ပါပြီ။

**ရွက်နုဝေ**

၀-၀-၀-၀-၀-၀

## ဥပဒေအသိပညာပေး ဟောပြောပွဲ ကျင်းပ

**မိုင်းဆတ် နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၌ ဥပဒေအသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က အ-ထ-က မိုင်းဆတ်ကျောင်း၊ မြတ်ပညာခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ဥပဒေအရာရှိ ဦးနိုင်လင်းက သောင်းပြောင်းထွေလာ ဥပဒေအတိုအထွာများ ခေါင်းစဉ်ဖြင့် ဥပဒေဆိုင်ရာ စည်းကမ်းများနှင့် လိုက်နာရမည့် အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဥပဒေအရာရှိ ဦးကောင်းထက်မင်းမှ နိုင်ငံသူ၊ နိုင်ငံသားများ လိုက်နာရမည့် ဥပဒေများအကြောင်းနှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်များတွင် လိုက်နာကျင့်ကြံနေထိုင်ရမည့် ဥပဒေအကြောင်းအရာများကို ရှင်းလင်းဟောပြောခဲ့ပြီးနောက် အ-ထ-က ကျောင်းအုပ်ဆရာကြီး ဦးသောင်းအေးမှ ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအား ရုပ်သိမ်းခဲ့သည်။



(ဓာပုံ)

အဆိုပါ အခမ်းအနားသို့ ခရိုင်ဥပဒေအရာရှိ ဦးနိုင်လင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကောင်းထက်မင်း၊ အ-ထ-က ကျောင်းအုပ်ဆရာကြီး ဦးသောင်းအေးနှင့်ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

၀-၀-၀-၀

## သရက်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**သရက် နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၇ နာရီမှ ၈ နာရီအထိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျောင်းတွင်း ကျောင်းပြင် ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းနှင့် အမှိုက်များ သိမ်းဆည်းဆောင်ရွက်ခြင်းကို ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ ၃၅၈ ဦး ခန့်ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ကျောင်းတွင်း၊ကျောင်းပြင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များတို့က လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**စော်ဝမ်းထွန်း(အောင်လံ)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်

## စည်းကမ်း

\- - - - - - - - - - - -

* အတိုင်းအတာမှာ သေချာရန်
စည်းဆွဲရတယ် အမှန်
ရောဝတီမြစ်ကမ်းအလှ
ညနေခင်းမှာ လမ်းလျှောက်ကြ ။

* စကားလုံးလေးနှစ်လုံးထဲပါ
အပြောလွယ်၍ အလုပ်ခက်တာ
နေရာတိုင်းမှာ ချိတ်ဆွဲထား
သိကြပါရဲ့လား။

* စည်းကမ်းဆိုတဲ့ အဓိပ္ပါယ်
လူ၏ တန်ဖိုးကွယ်
စည်းကမ်းရှိမှ ဒို့မြန်မာဘဝ
နိုင်ငံတကာမှာ မျက်နှာပန်းလှ ။ ။

**သန်းနိုင်စိုး(စိုက်/မွေး)**




ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့ ။

## သတင်းပဒေသာ

### စာဖတ်ရှိန်မြှင့်တင်ရေး အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရွှေဘိုခရိုင် အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ ခရိုင်ပြန်/ဆက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်က ပြိုင်ပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှု

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်းနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးကော်မတီ အဖွဲ့ဝင်ဌာနဆိုင်ရာများအား တွေ့ဆုံပွဲကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးဝါးကုသပေးလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့တွင် (၂၃)ကြိမ်မြောက် တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူများအား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးဝါးကုသပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သာသနာ့ဗိမာန်(မြို့လယ်ဓမ္မာရုံ)တွင် ကုသပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### လူငယ်စကားဝိုင်း ဆွေးနွေးပွဲကျင်းပ

မက်မန်းခရိုင်အတွင်းရှိ ကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန်ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ မက်မန်းမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်စကားဝိုင်း ဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက မက်မန်းမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အိအိအောင်က အဖွင့်အမှာစကားပြောကြားသည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းသန်းဌေးက လူငယ်စကားဝိုင်းများ ကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ချရေး အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူး၍ မီးခိုးမြူငွေ့ညစ်ညမ်းမှုလျော့ချရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက တာချီလိတ်မြို့နယ်၊ ဝမ်ပုံကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့စုပေါင်းမဟာဘုံကထိန် ငွေကျပ် ၆၅၉ သိန်းကျော် လှူဒါန်း



**စစ်ကိုင်း နိုဝင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ အဖွဲ့စုပေါင်းမဟာဘုံကထိန်အလှူတော်ကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ချင်းတွင်းခန်းမတွင် ကျင်းပရာ ငွေကျပ် ၆၅၉ သိန်းကျော်တန်ဖိုး လှူဒါန်းနိုင်ခဲ့သည်။

စုပေါင်းမဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး မုံရွာမြို့၊ ဘုရားကြီးရပ်ကွက်၊ သာစံကျောင်းတိုက် ပဓာန နာယက၊သက်တော်ရှည် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ဆက်လက်၍ ဆရာတော်ကြီးများ ရွတ်ဆိုချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်က သာသနာရေးဆိုင်ရာများနှင့် ပတ်သက်၍ လျှောက်ထားတင်ပြခဲ့ပြီး ပင့်သံဃာဆရာတော် ၂၇ ပါးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပူဇော်၍ အခမ်းအနားအားရုပ်သိမ်းခဲ့ကြပြီး ပင့်သံဃာတော်ဆရာကြီးများအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

စုပေါင်းမဟာဘုံကထိန်တွင် ပဒေသာပင်စုစုပေါင်း ၅၈ ခု အနက် ပင့်သံဃာတော် ၂၇ ပါးအား လှူဒါန်းသည့် ပဒေသာပင် ၂၇ ပင်၊ တန်ဖိုးငွေကျပ် ၃၆၂ သိန်းကျော် ၊ ကထိန်ခံကျောင်းဖြစ်သော မုံရွာမြို့ တိပိဋကလင်္ကာရ သာမဏေကျောင်းတိုက်သို့ ပဒေသာပင်လှူဒါန်းမှု တန်ဖိုးငွေကျပ်၂၉၆သိန်းကျော် စုစုပေါင်းတန်ဖိုးငွေကျပ် ၆၅၉ သိန်းကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၃၉၄)

## ဦးပွားဘုရား (၁၈)ကြိမ်မြောက် နေ့၊ ည အသံမစဲမဟာပဋ္ဌာန်းရွတ်ပတ်ပူဇော်ပွဲ ခန်းသိမ်းအောင်ပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဉသျှောင်ရပ်ကွက်ရှိ ရှေးဟောင်းဦးပွားဆုတောင်းပြည့်မြတ်စွာဘုရားကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၈)ကြိမ်မြောက် နေ့၊ ည အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ စခန်းသိမ်းအောင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်က ဦးပွားဘုရားဓမ္မသာလဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊ သံဃာတော်များ အလှူရှင်မိသားစုနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီးနောက် ဆရာတော်များက မေတ္တသုတ်တရားတော်များ ချီးမြှင့်ပေး၍ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ နယားကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒိယမှ ငါးပါးသီလနှင့် ရေစက်ချတရားချီးမြှင့်ပေးတော်မူသည်။ ဆက်လက်၍ ဒေါနခြံအုတ်ကျောင်း အရှင် ဣန္ဒာစာရက အနုမောဒနာဂါထာတော်ရွတ်ဖတ်ပူဇော်ပြီး ပဋ္ဌာန်းပွဲဖြစ်မြောက်ရေးကော်မတီကိုယ်စား ဦးပွားဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌဦးမြင့်ဦးက ကျေးဇူးတင်စကားလျှောက်ထား၍ ပတ္တမြားရတနာကျောင်း ဆရာတော်က နတ်ဗြဟ္မာများ ပြန်လည်ပို့ဆောင်ပေးသည်။

ထို့နောက် လယ်ဝန်ကျောင်းဆရာတော်ဘဒ္ဒန္တပညာသီရိ(မဟာသဒ္ဓမ္မဇောတိကဓဇ)မှ အခမ်းအနားပြီးဆုံးကြောင်းနှင့် အောင်စည်အောင်မောင်း (၂၄)ချက်တီးခတ်ရန် လျှောက်ထားကာ အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး ဦးပွားဘုရား ဂေါပကအဖွဲ့နာယကဘုရားဒါယကာ ဆရာကြီး ဦးတင်မောင် (သူရိန္ဒနန်း)၊ အတွင်းရေးမှူး ဦးထွန်းလင်းနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုတို့က ဆရာတော်၊သံဃာတော်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်တို့အား သာသနဝိပုလ သိမ်တော်ကြီး၌ အရုဏ်ဆွမ်း အလှူရှင် ဖခင်ကြီး ဦးစန်းမောင်အား ရည်စူး၍ မိခင်ကြီး ဒေါ်စန်းမြင့်အား အမှူးထားကာ ဒေါ်မြင့်မြင့်မိုး(စာရင်းစစ်မှူး) ဓမ္မစကြာအဖွဲ့က နို့စိမ်းခေါက်ဆွဲဖြင့်လည်းကောင်း၊ နေ့ဆွမ်း အလှူရှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ချမ်းမြသာစည်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းကျော် ဇနီး ဒေါ်ဆွေဆွေလှ၊ (သား) မောင်ပြည့်ဖြိုးဇော်၊ (သမီး) မဆုမြတ်နိုးခင် မိသားစုတို့က ဆွမ်းခဲဖွယ်ဘောဇဉ်ချိုချဉ်အရသာတို့ဖြင့် ဆက်ကပ်လှူဒါန်းကြပြီးနောက် ဧည့်သည်တော်များအား ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(၀၄၆)

*-*-*-*-*



**မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်း၊ ဓီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ နိုဝင်ဘာ ၅ ရက်က အလှူရှင် မန္တလေး၊ ဦးစိုးသိန်း ကောင်းမှုမှ တန်ဖိုးငွေကျပ် ငါးသိန်းဖိုးရှိ ဆေးဝါးများ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးခင်မောင်နှင့် ဘဏ္ဍာရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးစိုးလွင်နှင့် လက်ထောက်ဆရာဝန်ဒေါက်တာ ဦးသက်နိုင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ အသေးစိတ်သိရှိလှူဒါန်းလိုပါက ဖုန်းနံပါတ် ၀၉-၄၀၂၆၂၆၃၂၄ သို့ စုံစမ်းမေးမြန်း၍ လှူဒါန်းနိုင်စဉ်။**

(ကဆ)

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကျန်းမာရေးထောက်ပံ့ငွေ ပေးအပ်

**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ဘာသာရပ်အသီးသီးမှ တင်ပြလာသော ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးထောက်ပံ့ငွေများပေးအပ်လျက်ရှိရာ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက မင်္ဂလာဆေးရုံတွင် အစာအိမ်အူအတက်ပေါက်၍ ဆေးကုသမှုခံယူနေသော သတ္တဗေဒဌာနမှ ကန်တော့ခံဆရာမကြီးကထိက (ငြိမ်း)ဒေါ်ညွန့်ရီအား ကျန်းမာရေးစောင့်ရှောက်မှုကော်မတီနာယကဦးတင်မောင်၊ ဘဏ္ဍာရေးမှူးဦးစိုးလွင်နှင့်အမှုဆောင်များက ဆေးရုံသို့သွားရောက်၍ ကျန်းမာရေးထောက်ပံ့ငွေကျပ် သုံးသိန်း ပေးအပ်ပြီး အားပေးစကားပြောကြားခဲ့သည်။

မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသည် စတင်တည်ထောင်သည့်နေ့မှစ၍ နိုဝင်ဘာ ၁၃ ရက်အထိ ဆရာ၊ ဆရာမကြီး ၃၂၂ ဦးအား ကျန်းမာရေး ထောက်ပံ့ငွေကျပ် ၅၅၉ သိန်းပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

(၀၄၅)

# တာဝန်ထမ်းဆောင်ကြသည့် ဆိုရာဝယ်

(၁၁-၁၁-၂၀၂၄)စာမျက်နှာ-၁၇မှ အဆက်

ရွှေနတ်တောင်ဆေးရုံမှ ဆင်းခဲ့ပြီး အိမ်တွင် တစ်ရက်သာနေသည်။ နံနက် ၄ နာရီထဲ၌ သဘော်ဆိပ်သို့ဆင်း၍ ရထားလက်မှတ်ဝယ်သည်။ (သံလွင်တံတားမရှိခင်က မော်လမြိုင်ကမ်းသဘော်ဆိပ်တွင် ရထားလက်မှတ်ရောင်းသည်) ရထားလက်မှတ်ဝယ်ပြီး နံနက်စောစောတွင် ကမ်းနားလမ်းမှ သံလွင်မြစ်နံဘေးတွင် ဖွင့်လှစ်ထားသော ဘိုးဘွားရိပ်သာရန်ပုံငွေလက်ဖက်ရည်ဆိုင်တွင် ထိုင်သည်။ နံနက်လင်းစ သံလွင်မြစ်၏ ရှုခင်းကို တဝခံစားသည်။ တံငါလှေ၊ စက်လှေလေးများက သွားလာနေသည်။ ဘီလူးကျွန်းဖက်ကူးသော နှစ်ထပ်သဘော်ကို တွေ့ရသည်။ တစ်ဖက်ကမ်းမှ ဘီလူးကျွန်းက မှိုင်းပျပျ၊ ရေစီးသန်သော သံလွင်မြစ်၏ရေပြင်က လှိုင်းကြက်ခွပ်ကတဖျပ်ဖျပ်၊ နှစ်ထပ်သဘော်နှင့်စက်လှေများအနီးတွင် စင်ရော်ငှက်များက အုပ်စုလိုက်ဝဲပျံ ၍ အစာတောင်းနေကြသည်။ နံနက်ခင်းနေခြည် နုကဖြာကျလာသောအခါ ရှုမငြီးဖွယ် မြင်ကွင်းတစ်ရပ်ကို ဖန်တီးပေးလိုက်သလိုဖြစ်လာရသည်။ မှုန်ပျပျမြင်ကွင်းက ထင်ထင်ရှားရှား စလိုက်မီးဖြင့် ထိုးပြလိုက်သလို ခံစားရသည်။ ဆောင်းဘောက်မှ သီချင်းသံကလည်း ငြိမ့်ညောင်းစွာဖြင့် 'သံလွင်ချောင်းခြား' သီချင်းကို ဖွင့်ထားသည်။ ဆိုင်ဝန်ထမ်းမလေးများက ပြုံးစိစိဖြင့်၊ ကျွန်တော်လာတိုင်း မြစ်ဖက်အနီးဆုံးစားပွဲတွင် ထိုင်တတ်သည်။ တိတ်ဆိတ်စွာဖြင့် လက်ဖက်ရည်သောက်ရင်း မြစ်ဖက်ငေးသည်။ တစ်ခါတရံ စာအုပ်ထုတ်၍ စာလေးကဗျာလေးရေးတတ်သည်။ တစ်ရက်က ဖားအောက်မှ GTI ဆရာ ညီငယ်လာသည်။ ထိုဆိုင်တွင်ထိုင်ရင်း ဆိုင်လုပ်သားထဲမှ ညီနှင့်ရွာနားနီးချင်းမှ ကောင်မလေးနှင့်တွေ့၍ မွန်ဘာသာဖြင့် စကားပြောကြသည်။ ကျွန်တော့်အကြောင်း မေးသည်ဆို၏။ မန္တလေးသား၊ တက္ကသိုလ်ကျောင်းသား၊ စာရေး၊ ကဗျာရေးသူဟု ပြောထား၍ သိနေကြသည်။ ကျွန်တော်ကြိုက်သော ခင်မောင်တိုး၊ စိုင်းထီးဆိုင်၊ ကိုငှက်ကြီး သီချင်းတို့ကို အလိုက်တသိဖွင့်ပေးကြသည်။ မော်လမြိုင်မြို့မှ ကျွန်တော်အမြဲထိုင်တတ်သည့် ကျွန်တော်နှစ်သက်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်အဖြစ် ယနေ့တိုင် အမှတ်တရရှိနေဆဲဖြစ်ပါသည်။

အပြန်တွင် မောင်ငံအလယ်တန်းမှ ဦးလေးဦးဘစိုးထံ ဝင်သည်။ မနက်ဖြန် ရန်ကုန်မြို့သို့ ဖခင်ဆေးစစ်ရန် သွားမည်ဖြစ်ကြောင်း ပြောဆိုနှုတ်ဆက်သည်။ နတ်မှော်တန်းဖက်လမ်းလျှောက်၍ မန္တလေးနို့ထွက်ပစ္စည်းဖွံ့ဖြိုးရေးစီမံကိန်း(နို့ချက်စက်ရုံ)တွင် အတူလုပ်ခဲ့သော စက်မှုအင်ဂျင်နီယာဌာန၊ ဌာနမှူး ဗိုလ်မှူးတင်မြင့်တို့အိမ်သို့သွား၍ နှုတ်ဆက်သည်။ ဗိုလ်မှူး၏သားကိုလွန်းဘော်နှင့်လည်း တွေ့သည်။ မန္တလေးမြို့နို့ချက်စက်ရုံလာလည်စဉ်က ကျောင်းသားအဖြစ်သာရှိသေးသော်လည်း နောင်တစ်ချိန်တွင် မန္တလေးမှ မြို့နယ်တရားသူကြီးအဖြစ် ရောက်လာခဲ့သည်။ ညီအစ်ကိုပမာ ခင်မင်ကြသူများဖြစ်သည်။ ဗိုလ်မှူး၏ကျန်းမာရေးကိုမေးပြီး ကန်တော့နှုတ်ဆက်ခဲ့သည်။ ခြံထဲပြန်ရောက်ပြီး သီရိမြိုင်ရပ်ကွက်ထဲက စာအုပ်ဆိုင်သို့ စာအုပ်များ ပြန်အပ်သည်။ နှုတ်ဆက်ခဲ့ရသေးသည်။ မဂ္ဂဇင်းအသစ်များ ထုတ်လျှင် ဦးစားပေး၍ ငှားရန် ချန်ထားတတ်သောကြောင့်ဖြစ်သည်။ ပြီးလျှင် ခြံနီးချင်းများကို နှုတ်ဆက်သည်။ ဥယျာဉ်ခြံကျောင်းအနီးတွင်နေသော ကျွန်တော့်အား လွန်စွာခင်မင်ကြသည့် ကျောင်းဆရာကြီး(ငြိမ်း)မိသားစုကိုလည်း နှုတ်ဆက်ရသည်။ နေ့ခင်းပိုင်းမှ အိမ်ပြန်ရောက်သည်။ ဖခင်နှင့်ကျွန်တော့်အတွက် စောင်နှင့်အဝတ်အစား၊ အသုံးအဆောင်တို့ကို ကျစ်လျစ်စွာ ထုပ်ပိုးသည်။ ရေမစိုရန် ပလတ်စတစ်အိတ်ငယ်များဖြင့် ခွဲထုတ်ပြီး ကျောပိုးအိတ်တွင် သေချာစွာထည့်သည်။ လိုအပ်မည့် ရေနွေးဓာတ်ဘူးနှင့် ပန်းကန်၊ ဇွန်းများ၊ စားစရာအကြော်အလှော်ဘူးများ ဆွဲခြင်းဖြင့် ထည့်ထားသည်။

ညပိုင်းတွင် တော်တော်နှင့်မအိပ်ဖြစ်။ မိခင်နှင့် ဘေးအိမ်မှ ဒေါ်ကြီးတို့နှင့်ထိုင်၍ စကားပြောဖြစ်သည်။ ညဆယ့်တစ်နာရီခန့်တွင် မိမိအိပ်ရန် ပြင်ထားသော အိမ်ရှေ့ကွပ်ပျစ်တွင် လှဲနေရင်း လရောင်အောက်မှာ မြင်နေရသော အိမ်ရှေ့စည်းရိုးနှင့် ခုတ်လှဲထားသော ရာဘာတောကွင်းကို ကြည့်နေမိသည်။ လွန်ခဲ့သော နှစ်နှစ်တာအဖြစ်တစ်ခုကို သတိရမိသွားသည်။ ထိုခြံရှေ့ကွင်းပြင်တွင် ညသန်းခေါင်ကျော်လျှင် မီးလုံးကြီးက လျှောက်သွားနေတတ်ပြီး ခြံစည်းရိုးစပ်အထိ ရောက်လာတတ်သည်။ ဖခင်က ကြောက်လန့်မှုမရှိသော်လည်း မိခင်နှင့် အစ်မ၊ အဒေါ်ကြီးတို့ မိသားစုက ကြောက်ကြသည်။ ကျွန်တော်မန္တလေးမှ ပြန်ရောက်တော့ ပြောပြကြသည်။ ကြောက်စရာမဟုတ်ကြောင်း၊ ခြံထဲမှ မီးစုန်းဓာတ်များ တောက်ပ၍ ရွေ့လျားနေခြင်းဖြစ်ကြောင်း ရှင်းပြသည်။ ကျွန်တော်လည်း မမြင်ဖူး၍ ကွပ်ပျစ်တွင် အိပ်ရာနံဘေးခါးရှည်ထား၍ စောင့်ကြည့်ခဲ့သည်။ နေ့ခင်းကတည်းက မိမိအိပ်သောနေရာမှ ခြံစည်းရိုးထိ ခြေလှမ်းမည်မျှရှိကြောင်း တိုင်းတာထားပြီး ရာဘာခြံကြီးထဲသို့ ပတ်ကြည့်ထားပြီးဖြစ်သည်။ ညရောက်သော် မအိပ်ဘဲ အိပ်ရာထဲ လှဲရင်း စောင့်နေမိသည်။ သန်းခေါင်ကျော်သောအခါ လေးဧကခန့်ကျယ်သော ရော်ဘာတောဟောင်း၏ အစပ်မှ မီးလုံးတစ်လုံးသည် တရွေ့ရွေ့သွားနေသည်။ အိမ်ထဲမှ ချောင်းကြည့်နေသော မိခင်နှင့် ဒေါ်ကြီးတို့၏ တီးတိုးသံကြားနေရသည်။ တိတ်တိတ်နေရန် ပြောပြီး ဓားကိုင်၍ သတိဖြင့်နေသည်။ မိမိနှင့်အနီးဆုံးခြံစည်းရိုးနားသို့ မီးလုံးကပ်လာသည်နှင့် ကွပ်ပျစ်မှ ဖျတ်ခနဲထ၍ ဓားကိုကိုင်ကာ ပြေးထွက်ပြီး ခြံစည်းရိုးကို ခုန်ကျော်လိုက်သည်။ မိမိခြံစည်းရိုးကို ခုန်လိုက်စဉ်တွင်ပင် မီးလုံးမှာ လျင်မြန်စွာဖြင့် အခြားတစ်ဖက်တောစပ်သို့ ရောက်သွားပြီဖြစ်သည်။ လက်ထဲမှ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ဓားဖြင့် မာလကာချဉ်ခြံကို နှစ်ချက်မျှ ရမ်းလိုက်မိသေးသည်။ ထူးဆန်းလှသည်။ ထိုမီးလုံးသည် ဘာမှန်းခုထိမသိ၊ သို့သော် ထိုနေ့မှစ၍ ခြံစည်းရိုးနားထိ ရောက်မလာတော့ဘဲ ခြံ၏ အခြားထိပ်ဘက် ခပ်လှမ်းလှမ်းတွင်သာ တွေ့ရတော့သည်ဟု ဆိုသည်။

တစ်ခါကလည်း မိုးဦးကာလတွင် ဖြစ်သည်။ ငန်းတေးရွာဖက်တွင် လက်ဖွေ့ပွဲရှိ၍ သွားကြည့်ရင်း ညဥ့်နက်သွားသည်။ ညတစ်နာရီခန့်မှ ပြန်လာခဲ့သည်။ ညပိုင်းသွားလျှင် စက်ဘီးမယူဘဲ လမ်းလျှောက်၍သာ သွားခဲ့သည်က များသည်။ ငန်းတေးမှ ပြန်လာလမ်းသည် တစ်မိုင်ခွဲခန့်ကို အိမ်ခြေကျဲပါးသော လယ်ကွင်းပြင်အတွင်း ကတ္တရာလမ်းမှလာရပြီး ဈေးကြိုလမ်းဆုံရောက်သည်။ ထိုစဉ်က ဈေးကြိုလမ်းဆုံတွင် သင်္ချိုင်းရှိသည်။ ထိုသင်္ချိုင်းနေရာမှာ ယခုကားကြီးဝင်းနေရာအဖြစ် ဖြစ်သည်။ ထိုမှမုဒုံလမ်းမအတိုင်း ငါးပြခန့်လာမှ ခြံထဲဆင်းသည့် လမ်းထိပ်ရောက်သည်။ ဘယ်ဘက်လမ်းမကြီးမှ ဆင်းလျှင် ရာဘာတောဟောင်းကွင်းကိုဖြတ်မှ ခြံထဲရောက်သည်။ ညာဖက်လမ်းမှဆင်းလျှင် အုံ့ဆိုင်းသော ရာဘာတောအုပ်ကို ဖြတ်ရသည်။ ထိုနေ့က အုံ့ဆိုင်းသော ရာဘာတောထဲမှ ဖြတ်ခဲ့သည်။ လက်ထဲတွင် တစ်တောင်ခန့်ရှည်သော ဓာတ်မီးကြီးကိုင်၍ လာခဲ့ခြင်းဖြစ်သည်။ ဓာတ်မီးလည်းဖြစ်၊ ကိုယ့်ကိုယ်ကိုယ်ကာကွယ်သော လက်နက်အဖြစ်လည်း သုံး၍ရသည်။ ရာဘာတောအတွင်းမှ တစ်ယောက်သွားစာလမ်းကလေးကို မီးထိုးကြည့်ရင်း လျှောက်လာရာ တောအုပ်အလယ်လောက်တွင် ဓာတ်မီးအား တစ်ဖက်သို့ ထိုးကြည့်စဉ်တွင် အခြားတစ်ဖက်မှ ထူးဆန်းမှုတစ်ခုကို မျက်လုံး၏ထောင့်မှ ဖျတ်ခနဲ့ တွေ့လိုက်ရသည်။ ဓာတ်မီးကို မှိတ်၍ ထူးဆန်းသောအရာဘက်မျက်နှာမူ၍ ဆက်ခနဲ မုဆိုးဒူးထောက်ထိုင်ချလိုက်သည်။ အမှောင်ထဲသို့ စူးစူးစိုက်စိုက်ငြိမ်၍ ကြည့်မိသည်။ မိမိနှင့် မလှမ်းမကမ်း ပေ ၅၀ ခန့်အကွာ လူတစ်ရပ်ကျော်ကျော်အမြင့်ခန့်တွင် အစိမ်းရောင်သမ်းသော မိမိအား စူးစိုက်ကြည့်နေသည့် မျက်နှာသဏ္ဌာန်အရာတစ်ခုကို တွေ့လိုက်ရသည်။ ဆံပင်များ ဖွင်းကနဲနေအောင် ထောင်သွားသလို ခံစားရသည်။ ဓာတ်မီးကို မဖွင့်သေးဘဲ ငြိမ်၍ မျက်တောင်မခတ်ဘဲ ကြည့်နေမိသည်။ ကြည့်ရင်းကြည့်ရင်း ထိုမျက်နှာသဏ္ဌာန်က ပိုမိုထင်ရှားပြီး စိမ်းပြာရောင်အဆင်းက ပို၍ တောက်ပလာသည်။ ကျွန်တော့်ရင်မှာ တဒိတ်ဒိတ်ခုန်လာသည်။ မိမိနှလုံးခုန်သံ မိမိပြန်ကြားနေရသည်။ ဓာတ်မီးဖြင့် ထိုးကြည့်ရန် ဆုံးဖြတ်ပြီး မီးထိုးကြည့်မိသည်။ ရာဘာပင်များကိုသာ တွေ့ရသည်။ မီးကို ခဏ္ဍကိုယ်တစ်ပတ်လည်၍ ထိုးကြည့်ရသေးသည်။ ထိုစူးစိုက်ကြည့်နေသော မျက်နှာသဏ္ဌာန်က တဖြည်းဖြည်းချင်း ပြန်လည်ထင်ရှားစွာ ပေါ်လာပြန်သည်။ မီးဖြင့်ထိုးကြည့်သည်။ ပျောက်သွားသည်။ မီးမှိတ်သည်။ ပြန်ပေါ်လာသည်။ မီးတစ်ခါ ထိုးပြီး တစ်ခါမှိတ်လိုက်တိုင်း ပို၍ပို၍ ထင်ရှားသော အစိမ်းရောင်မျက်နှာသဏ္ဌာန်ပေါ်လာသည်။ ကျောထဲက စိမ့်လာသည်။ ပုဆိုးကို ခါးတောင်းကျိုက်သည်။ ဓာတ်မီးကိုထိုး၍ ထိုနေရာအနီးထိ သတိဖြင့်လျှောက်သည်။ မီးကို လုံးဝမပိတ်၊ မျက်နှာသဏ္ဌာန်မြင်ရသော နေရာရောက်ပြီဟု ခန့်မှန်းမိမှ ရပ်သည်။ မီးကို ပိတ်လိုက်သည်။ မိမိနှင့်လက်တစ်ကမ်းအကွာ၌ ဖျတ်ကနဲပေါ်လာသည်။ နောက်သို့ ခုန်ဆုတ်ပြီး ဓာတ်မီးထိုးလိုက်တော့ ရာဘာပင်ပဲရှိသည်။ ခဏငြိမ်နေပြီး မီးကို ပိတ်လိုက်ရာ ပြန်ပေါ်လာသည်။ ပိတ်လိုက်ဖွင့်လိုက် သုံးကြိမ်ခန့်လုပ်ပြီး မသင်္ကာသဖြင့် ထိုရာဘာပင်ကို အနီးကပ်ကြည့်ရာ ရေညှိလိုမှိုများ ကပ်နေသည်ကို တွေ့ရသည်။ ထိုမှိုကို အနည်းငယ်ဖဲ့ယူပြီး လက်ထဲဆုပ်ထားပြီး မီးမှိတ်ကြည့်ရာ လက်ဖဝါးထဲတွင် စိမ်းဖန့်ဖန့်လင်းနေသည်ကို တွေ့ရသည်။ သဘောပေါက်ပြီ၊ ထိုမှိုများမှ အလင်းထွက်နေခြင်းဖြစ်သည်။ လက်ဝါးထဲ မီးထိုး၍ ပိတ်လိုက်လျှင် ပို၍လင်းသည်ကို တွေ့ရသည်။ နာရီတွင် ထည့်ထားသည့် မီးစုန်းကဲ့သို့ အရောင်နှင့် သဘောသဘာဝတူသည်။ မီးထိုးများလျှင် ပိုလင်းသည်။ ထိုမှိုများကို ခွာယူ၍ ခါးပိုက်ထဲထည့်သည်။ ပြီးလျှင် မီးမှိတ်ကြည့်ရာ မျက်နှာသဏ္ဌာန်ကြီး မရှိတော့။ တစ်ကိုယ်လုံး သတိဖြင့်နေသဖြင့် တင်းတောင့်နေသော အကြောများကို လေပူမှုတ်ထုတ်ရင်း လျှော့ချသည်။ တစ်ကိုယ်လုံး ချွေးစေးများ ရွှဲနေသည်။ အမှောင်ထဲတွင် တစ်ကိုယ်တည်း ပြုံးမိသည်။ ခုမှ စိတ်ပေါ့ပါးသွားသည်။ အိမ်ရောက်တော့ ထိုမှိုများကို စာရွက်အမည်းရောင်တွင် ကော်ဖြင့်ကပ်၍ ဝါးရုံတွင် ချိတ်ထားလိုက်သည်။ နောက်နေ့ညတွင် အိမ်မှ တူ၊ တူမများကို ဗဟုသုတအဖြစ် ပြသခဲ့သည်။

နံနက် ၄ နာရီတွင် ဇက်ဆိပ်ဆင်းရမည်။ သို့သော် အိပ်၍မပျော် အတွေးရေလျဉ်ကြောတွင် မျောနေမိသည်။ အိမ်တွင် တူလေးရှိနေ၍သာ၊ မဟုတ်လျှင် မိန်းမသားများခြံထဲတွင် ကြောက်ရှာမည်။ ကျွန်တော်ရှိနေစဉ်တွင် အသက် ၁၀နှစ်ခန့် တူလေးကို ညပိုင်းသွားရဲ၊ လာရဲအောင် ကြောက်လန့်မှု မရှိအောင် လေ့ကျင့်ပေးခဲ့သည်။ ထိုတူလေးမှာ အသက် ၁၀ နှစ်ကျော်ကတည်းက ညပိုင်းတောထဲ၊ ခြံထဲ မည်သည့်နေရာမဆို တစ်ဦးတည်းသွားရဲလာရဲသဖြင့် အရေးအကြောင်းဆိုလျှင် အားကိုးရလာသည်။ အိပ်ရာပေါ်တွင် တွေးရင်းလသာသာဖြင့် ခြံထဲတွင်ထ၍ လမ်းလျှောက်ရင်းဖြင့် နံနက် ၃ နာရီထိုးသွားသည်။ အမေက အိပ်ရာမှ ထ၍ ထမင်းချက်၊ ဟင်းနွေးပြီးသွားပြီ။ မိမိကြိုက်သော ငါးဟင်း၊ ငါးပိရည်ကြိုတို့ဖြင့် ထမင်းစားပြီး ဇက်ဆိပ်သို့ဆင်းရန် ပြင်ဆင်ရတော့သည်။

(ဆက်လက်ဖော်ပြပါမည်)

နိုင်ဗလ

နံနက်လင်းစ သံလွင်မြစ်၏ ရှုခင်းကို တဝခံစားသည်။ တံငါလှေ၊ စက်လှေလေးများက သွားလာနေသည်။ ဘီလူးကျွန်းဖက်ကူးသော နှစ်ထပ်သဘော်ကို တွေ့ရသည်။ တစ်ဖက်ကမ်းမှ ဘီလူးကျွန်းက မှိုင်းပျပျ၊ ရေစီးသန်သော သံလွင်မြစ်၏ရေပြင်က လှိုင်းကြက်ခွပ်က တဖျပ်ဖျပ်၊ နှစ်ထပ်သဘော်နှင့် စက်လှေများအနီးတွင် စင်ရော်ငှက်များက အုပ်စုလိုက်ဝဲပျံ၍ အစာတောင်းနေကြသည်။ နံနက်ခင်းနေခြည်နုက ဖြာကျလာသောအခါ ရှုမငြီးဖွယ် မြင်ကွင်းတစ်ရပ်ကို ဖန်တီးပေးလိုက်သလို ဖြစ်လာရသည်။ မှုန်ပျပျမြင်ကွင်းက ထင်ထင်ရှားရှား စလိုက်မီးဖြင့် ထိုးပြလိုက်သလို ခံစားရသည်။



## ကွမ်းပေါင်းဓာတ်မြေသြဇာမိတ်ဆက်ပွဲ အခမ်းအနား ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် စမ်းဝတီမွေးမြူရေးနှင့်မြေသြဇာ ထုတ်လုပ်ရေး သမဝါယမအသင်းတို့ ပူးပေါင်းထုတ်လုပ်သော ကွန်ပေါင်းဓာတ်မြေသြဇာ မိတ်ဆက်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက မိတ္ထီလာမြို့သမဝါယမအသင်းစုရုံးခန်းမတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယ ဦးစီးမှူး ဦးမိုးကျော်က ရေဆင်း(၁) စပ်မျိုးနေကြာမျိုးစေ့နှင့် စပ်လျဉ်း၍ စိုက်ပျိုးနည်းများအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး စမ်းဝတီမွေးမြူရေးနှင့် မြေသြဇာထုတ်လုပ်ရေး သမဝါယမအသင်းဥက္ကဋ္ဌ ဦးမျိုးထက်ဝင်းက မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် အဆိုပါ သမဝါယမအသင်းတို့ ပူးပေါင်းထုတ်လုပ်သော ကွန်ပေါင်းဓာတ်မြေသြဇာများနှင့် စပ်လျဉ်း၍ သုံးစွဲပုံနည်းစနစ်များ အကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် အသင်းသား တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၅၃)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေး

**ပွင့်ဖြူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေတောကျေးရွာအုပ်စု၊ ပေါက်ကုန်းရွာသစ်ကျေးရွာတွင် တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနွဲ့က မြစိမ်းရောင် ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းဆိုင်ရာ အကြောင်းအရာများ၊ ချေးငွေအတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ လိုက်နာရမည့် တာဝန်နှင့်ခံစားခွင့်များ၊ ပြစ်မှု ပြစ်ဒဏ်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ ထားရှိရမည့် စိတ်ဓာတ်နှင့်တာဝန်ယူမှု တာဝန်ခံမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေ ထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပေါက်ကုန်းရွာသစ်ကျေးရွာရှိ မြေပဲနှင့် နေကြာသီးနှံ အပါအဝင် အခြားဆီထွက်သီးနှံများ စိုက်ပျိုးသော အသင်းသား၊ အသင်းသူ ၁၁၇ဦးကို တတိယအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း(ဆီထွက်သီးနှံ) ရန်ပုံငွေ ကျပ် ၂၁ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(၄၄၅)**



## အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ



**မြစ်သား နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆုရည်ထွေးက ကျောင်းသား၊ ကျောင်းသူများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ နှုတ်မှုစွမ်းရည်ထက်မြက်စေရန်၊ လူအများရှေ့၌ စကားပြောဆိုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ လူငယ်နှင့် စာပေအကြောင်း ရှင်းလင်းပြောကြားပြီး ဓာတ်ပုံကျွမ်းကျင်(၂) ဒေါ်ဝါဝါမြင့်က စာပေဖတ်ရှုခြင်းအားဖြင့် အသိပညာဗဟုသုတများ တိုးပွားခြင်း၊ ဘဝတိုးတက်အောင်မြင်မှုရရှိလာနိုင်ပုံများ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်း ဟောပြောခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ မြို့မအနောက် (အ·မ·က)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ(၁၀)ဦးတို့က ရဲအောင်မိုးရေးသားသော အောင်ဆန်းဇာနည် ကဗျာဖြင့် ပါဝင်ယှဉ်ခဲ့ကြရာ ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုရရှိသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်ခဲ့သည်။ ထို့နောက် ပြိုင်ပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ၊ ကဗျာရွတ်ပြိုင်ပွဲသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဆုရည်ထွေးနှင့်ဝန်ထမ်းများ၊ မြို့မအနောက်(အ·မ·က) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြစ်သား)**

## စိုက်ပျိုးရေပေးဝေနေသည့် ကွမ်းဆေးမြောင်းတွင် ပျက်စီးနေသော လိုင်နင်များ ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးရေပေးဝေနေသည့် ကွမ်းဆေးမြောင်းတွင် ပျက်စီးနေသည့် လိုင်နင်များအား မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ပြန်လည်ပြုပြင်ပေးခဲ့သည်။

ပြန်လည်ပြုပြင်ပေးသော မြောင်းပေါင်လိုင်နင်များသည် ကျောက်ဆည်မြို့နယ် ပေါက်ကုန်းရွာ၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးအနီးတွင် တည်ရှိပြီး မြောင်းပေါင်လိုင်နင်များသည် နှစ်ကာလကြာမြင့်ပြီ ဖြစ်သောကြောင့် ချို့ယွင်းပျက်စီးနေပြီး စိုက်ပျိုးရေများ ပေးဝေရာတွင် ရေအလေအလွင့်များ ဖြစ်ပေါ်နေသည့်အတွက် မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၂ ဒသမ ၅၀၀ သန်းဖြင့် မြောင်း၏ယာဘက်တွင် ၁၁၅ ပေ၊ ဝဲဘက်တွင် ၁၇၆ ပေ၊ အကျယ် ၁၅ ပေ၊ အမြင့် ၅ပေ ကွန်ကရစ်လိုင်နင်အသစ်များ ဆောင်ရွက်ပေးခဲ့သည်။



လိုင်နင်အသစ်များ ပြန်လည်ပြုပြင်ပေးခြင်းကြောင့် စိုက်ပျိုးရေများပေးဝေရာတွင် ရေအလေလွင့်ဆုံးရှုံးမှုနည်းပါးပြီး မြောင်းအဆုံး၊ မြောင်းအဖျားအထိ စိုက်ပျိုးသီးနှံ ၁၁၄၀ ဧကအား ရေအခက်အခဲမရှိ ပေးဝေနိုင်ပြီ ဖြစ်သောကြောင့် စိုက်ပျိုးတောင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၈၅)**

## (၁၀၄)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

**ကျောက်ဆည် နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် အခြေခံပညာကျောင်းများတွင် အမျိုးသားနေ့ ဖြစ်ပေါ်လာပုံများနှင့် အမျိုးသားရေးစိတ်ဓာတ်များ ကိန်းအောင်းစေရေး အသိပညာပေးဟောပြောပွဲများကျင်းပလျက်ရှိရာ ယမန်နေ့ နံနက် ၉နာရီက အမှတ်(၇)မူလတန်းလွန်ကျောင်းတွင် ၂၀၂၄၊ ခုနှစ် (၁၀၄)နှစ်မြောက် အမျိုးသားနေ့ အထိမ်းအမှတ်အဖြစ် 'ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တစ်မျိုးသားလုံးညီညွတ်စို့' ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အမှတ်(၇) အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမြင့်က နယ်ချဲ့အစိုးရ၏ ကျွန်ပညာရေးစနစ်ကို ဆန့်ကျင်ပြီး သခင်ပညာရေး၊ အမျိုးသားပညာရေးစနစ်များ ပြောင်းလဲသင်ကြားပေးရန် တောင်းဆိုပြီး အမျိုးသားလွတ်မြောက်ရေး သမိုင်းဝင်ကြိုးပမ်းမှုအကြောင်းများ အကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကျောင်းနှင့်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းနေပျော်၍ ပညာတော်သော ကျောင်းသား၊ ကျောင်းသူဖြစ်အောင် ကြိုးစားသွားကြရန် အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသော အကြောင်းများ ပြန်လည်မေးမြန်းခဲ့ကြပြီး စနစ်တကျလက်ဆေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀-၀-၀-၀

# စုပေါင်း မဟာဘုံကထိန်ပွဲ ဆင်နွှဲမြိုင်မြိုင် လတန်ဆောင်တိုင်





**ညောင်ဦး နိုဝင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၌ ညောင်ဦးခရိုင်၊ မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ (ဒုတိယအကြိမ်) မြောက်စုပေါင်း မဟာဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ညောင်ဦးမြို့နယ် ဓမ္မယျဝတီစာသင်တိုက်တွင် ယနေ့နံနက် ၉ နာရီ စုပေါင်းမဟာဘုံကထိန်ကျင်းပသည်။

စုပေါင်းမဟာဘုံ ကထိန် အခမ်းအနားတွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားဖွင့်လှစ်ပြီး ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အလိုတော်ပြည့်ဆရာတော် မဟာဂန္ထဝါစက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်များထံမှ မေတ္တသုတ် ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ညောင်ဦးမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အလိုတော်ပြည့်ဆရာတော် မဟာဂန္ထဝါစက(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)ဘဒ္ဒန္တပဏ္ဍိတထံမှ ကထိန်အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချအမျှအတန်း ပေးဝေကြကာ စုပေါင်းဘုံကထိန် အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားပြီးမြောက်အောင်မြင်ကာ ရတနာရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၈၁)**

**မန္တလေး နိုဝင်ဘာ ၁၆**

ပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)၏ အကြိမ် (၉၀)မြောက် စုပေါင်းဘုံကထိန်တော်ကို နိုဝင်ဘာ ၁၁ ရက် နံနက်က အသင်းတိုက်ရောင်းဝယ်ရေးခန်းမတွင် အသင်းသူ၊ အသင်းသားများ၊ ကိုယ်စားလှယ်များကြည်ညိုနိုင်ရန် ဥတ်မကြီးပစ္စည်းများနှင့်အခြားလှူဖွယ်ပစ္စည်းများကို ပြင်ဆင်ပြသထားပြီး လာရောက်ကြည်ညိုကြသည့် ဧည့်သည်များ၊ အသင်းသား၊ အသင်းသူများအား ညနေ ၃ နာရီမှ ၆ နာရီအထိ ကြာဆံဟင်း၊ ရေခဲမုန့်၊ ကိတ်မုန့်၊ လက်ဖက်၊ အချိုပွဲများဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

မန္တလေးကုန်စည်ဒိုင်အကြိမ် (၉၀)မြောက် ကထိန်တော်တွင် နိုဝင်ဘာ ၁၂ ရက် နံနက် ၆နာရီတွင် ချမ်းမြသာစည်မြို့နယ် ညောင်ကန်တိုက်မှ သံဃာတော် ၂၈၈ ပါး၊ ချမ်းမြသာစည်ကျောင်းတိုက်မှ သံဃာတော် ၂၃၄ ပါး၊ အမရပူရမြို့နယ် ဗားကရာတိုက်မှ သံဃာတော် ၁၉၄ပါး၊ အရန်ပင့်သံဃာ ၃၆ပါး၊ စုစုပေါင်းသံဃာ ၇၅၂ ပါး တို့အား အသင်းတိုက်ရှေ့တွင် ပင့်ဆောင်၍ ဆွမ်း၊ ဆွမ်းဟင်း၊ သင်္ကန်း၊ တဘက်နှင့် နဝကမ္မငွေကျပ် ၃၀၀၀၀ လှူဒါန်းခြင်း၊ ထေရ်ကြီးဝါကြီးဆရာတော်၊ သံဃာတော်အပါး ၉၀ တို့အား အသင်းတိုက်တွင် မုန့်တီဆွမ်း၊ အချိုပွဲများ ဆက်ကပ်၍ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကာ ရေစက်ချတရားနာယူပြီး သင်္ကန်းနှင့်နဝကမ္မငွေ၊ လှူဖွယ်ပစ္စည်းများအား အသင်းဥက္ကဋ္ဌ ဦးသက်တင်နှင့်အမှုဆောင်များ၊ အလှူရှင်များက လောင်းလှူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၀၄၅)**





**မန္တလေး နိုဝင်ဘာ ၁၆**

မန္တလေး၊ ဈေးချိုဝါးတန်းရပ်၊ မဟာကထိန်တော် အသင်းကြီး၏ (၁၂၇) ကြိမ်မြောက်၊ မဟာကထိန်တော်ရေစက်ချ အခမ်းအနားကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် နံနက် ၉ နာရီက မဟာအောင်မြေမြို့နယ် ၈၉ လမ်း ၊ ယ ၃၉ လမ်းနှင့်လမ်း ၄၀ကြား ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ ပန်းနဂါးဓမ္မဗိမာန်တော်တွင် ကျင်းပသည်။

ကထိန်တော်ရေစက်ချ အခမ်းအနားသို့ တိုက်အုပ်ဆရာတော်အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး ဈေးချိုဝါးတန်းရပ်၊ မဟာကထိန်တော်အသင်းကြီး၏ဥက္ကဋ္ဌ ဦးရဲမြင့်နှင့်အလုပ်အမှုဆောင်များ၊ ဈေးချိုဝါးတန်းရပ်မှ ရပ်ကွက်သူ၊ ရပ်ကွက်သားများ၊ ဈေးသူ၊ ဈေးသားများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်ထံမှ ရှစ်ပါးသီလခံယူကြပြီး ပရိတ်တရားနာယူကြသည်။ ထို့နောက် ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်ရှိ ဝါဆိုသံဃာ ၄၆ ပါးတို့အား အမှူးထား၍ ပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင် ချုပ် ဘဒ္ဒန္တကောသလ္လထံသို့ အလှူရှင်များကိုယ်စား အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ကထိန်လျာဥတ်သင်္ကန်းကြီးကို ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြကာ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ ဈေးချိုဝါးတန်းရပ်၊ မဟာကထိန်တော်အသင်းကြီးသည် နှစ်စဉ်မပျက် ကထိန်ခင်းကျင်းခဲ့သည်မှာ ၁၂၇ ကြိမ်ရှိပြီး ယနေ့ လှူဒါန်းမှုအစုစုတန်ဖိုးမှာ ငွေကျပ်သိန်း ၁၂၀ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၀၉၃)**

**ပခုက္ကူ နိုဝင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်စည်ပင်သာသာရေး အဖွဲ့ဝန်ထမ်းမိသားစုများ၏ စုပေါင်းမဟာဘုံကထိန်အလှူတော်ပွဲကို နိုဝင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ ကြွရောက်တော်မူလာကြသော ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု ဇေယျာသုခဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များနှင့် ဧည့်သည်တော်များက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များထံမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်နိုင်လင်းနှင့်ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများက ငါးပါးသီလခံယူဆောက်တည်ခြင်း၊ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များနှင့်အန္တရာယ်ကင်းပရိတ်တရားတော်များနာယူခြင်း၊ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများဆောင်ရွက်ကြပြီး ရေစက်ချတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချအမျှဝေကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (၃၄၀)**







**မိုင်းယောင်း နိုဝင်ဘာ ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ စုပေါင်း၍ တတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာ အခမ်းအနားကို ယမန်နေ့က ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဆရာတော် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဘဒ္ဒိယထံမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်နှင့် ဧည့်ပရိသတ်အပေါင်းက ငါးပါးသီလခံယူဆောက်တည်ပြီး ပရိတ်တရားနာယူကာ ကထိန်ဥတ်မကြီးသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက သာသနာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားထား၍ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကာ မိုင်းယုကျောင်းဆရာတော်က ကထိန်အနုမောဒနာတရား၊ မိုင်းဟန်ကျောင်းဆရာတော်က ရေစက်ချတရား ဟောကြားချီးမြှင့်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတို့က အာစိဏ္ဏကံအလှူငွေ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး မိသားစုက ရွှေမိုး၊ ငွေမိုးများရွာသွန်းဖြိုးပေး၍ ဆရာတော်၊ သံဃာတော် ၃၅ ပါးအား သိမ်ဆင်းလောင်းလှူပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**နန်းစီဖောင်း(ပြန်/ဆက်)**

*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရက ဦးဆောင်ရမည် မှန်ပေသော်လည်း ပြည်သူလူထု တစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်း အမရရွှေပြည်ရက်ကန်းအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်







**မန္တလေး နိုဝင်ဘာ ၁၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာ သင်္ကန်းတော်ရက်လုပ်ပူဇော်ပွဲ ပြိုင်ပွဲတွင် ပထမဆုရရှိခဲ့သည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုရရှိခဲ့သည့် အမရရွှေပြည်ရက်ကန်းအဖွဲ့အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုလို မန္တလေးတိုင်းဒေသကြီးဂုဏ်ဆောင်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ကြိုတင်ပြင်ဆင်ကြိုးစားခဲ့မှု၊ အသင်းအဖွဲ့ စိတ်ဓာတ်အပြည့်ဖြင့် ဟန်ချက်ညီလုပ်ဆောင်ခဲ့မှု၊ ပြိုင်ပွဲစည်းကမ်းများနှင့်အညီ ယှဉ်ပြိုင်ရက်လုပ်ခဲ့မှုတို့ကြောင့် အောင်မြင်မှုပန်းတိုင်ကိုစိုက်ထူနိုင်ခဲ့ပါကြောင်း၊ နောင်ပြိုင်ပွဲများတွင်လည်း တိုင်းဒေသကြီးဂုဏ်ကို ဆက်လက်ဆောင်နိုင်အောင်၊ ရိုးရာအမွေအနှစ် မတိမ်ကောမပျောက်ပျက်သွားအောင် မျိုးဆက်သစ်လူငယ်များအား ပညာအမွေများ လက်ဆင့်ကမ်းလှမ်းရင်း စဉ်ဆက်မပြတ် ကြိုးစားလုပ်ဆောင်နေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ပထမဆုရရှိအောင် ကြိုးစားဆောင်ရွက်ခဲ့မှုအပေါ် ဂုဏ်ပြုစကားများပြောကြားခဲ့ပြီး အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲအတွေ့အကြုံများ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြိုးစားခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ အမရရွှေပြည်ရက်ကန်းအဖွဲ့မှ အသင်းအုပ်ချုပ်သူတို့က ပထမဆုရရှိခဲ့သည့် ဆုဖလားအား ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုအသင်း အမရရွှေပြည်ရက်ကန်းအဖွဲ့အား ဂုဏ်ပြုငွေ ၁၁ သိန်းကျပ်ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## အာဆီယံအမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာနှင့် အိမ်ရှင်ဖိလစ်ပိုင် နှစ်ဂိုးစီသရေကျ

Asean Womens Futsal Championship 2024 ပြိုင်ပွဲအဖြစ် နိုဝင်ဘာ ၁၆ ရက် ညနေ ၅နာရီ ၃၀ မိနစ်တွင် မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် အိမ်ရှင်ဖိလစ်ပိုင်အမျိုးသမီးဖူဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

မြန်မာအမျိုးသမီး ဖူဆယ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို လွင်လွင်သက်နှင့် ယွန်းမီမီလွင်တို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းသည် နိုဝင်ဘာ ၁၇ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီ ၃၀ မိနစ်တွင် ဗီယက်နမ်အမျိုးသမီး ဖူဆယ်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**(NGB)**

